EURO SPORTS
JOURNAL
VOL.5, NO.88 SUNDAY (13. 12. 2015)

လက်စတာကို အနိုင်ကစားမလား တန်းဆင်းဇုန်ထဲ သွားမလား

ပရီးမီးယားလိဂ်ပြိုင်ပွဲကတော့ ဒီရာသီမှာ မထင်မှတ်တာတွေဆက်တိုက်ဖြစ်ပေါ်နေပြီး အသင်းငယ်လေးလက်စတာကတော့ ဆွမ်ဆီးကို အဝေးကွင်းမှာ (၃)ဂိုးပြတ်အနိုင်ရခဲ့ပြီးနောက်မှာ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဒုတိယအကြိမ်မြောက် ရောက်ရှိလာခဲ့ပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ပွဲစဉ်(၁၅)မှာ အာဆင်နယ်ကလွှဲပြီး အသင်းကြီးတွေအားလုံး ရလဒ်ဆိုးခဲ့တာကြောင့် လက်စတာဟာ ဒုတိယနေရာက အာဆင်နယ်ကို (၂)မှတ်ဖြတ်ပြီးတောင် အမှတ်ပေးဇယားကို ဦးဆောင်နေတာဖြစ်ပါတယ်။ ဒီအချိန်မှာ လက်ရှိချန်ပီယံခွဲလံဆီးကတော့ ဘုန်းမောက်နဲ့ပွဲမှာ အခုရာသီ ပရီးမီးယားလိဂ်(၈)ပွဲမြောက်အရှုံးကိုရင်ဆိုင်ခဲ့ရပြီး နည်းပြမော်ရင်ဟိုကိုယ်တိုင်ကတောင် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးမျှော်လင့်ချက်အရောင်မှိန်သွားခဲ့ပြီလို့ ဝန်ခံထားပါတယ်။ တိုက်ဆိုင်ချင်တော့ ဒီတစ်ပတ်မှာ ခွဲလံဆီးဟာ ဇယားထိပ်ဆုံးက လက်စတာနဲ့ထိပ်တိုက်တွေ့ဆုံနေပြီး ဒီပွဲဟာ ခွဲလံဆီးအတွက် အင်မတန်အရေးကြီးနေတဲ့ပွဲလို့ဆိုရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ခွဲလံဆီးဟာ လက်ရှိအဆင့် (၁၄) တန်းဆင်းဇုန်ထဲရောက်အရမ်းတက်နေချိန်မှာ (၈)ပွဲရှုံးထားချိန်မှာ သူတို့ထက် (၂)ဆ မေးခွန်း(၂)ခုသာ နေရာမှာရပ်တည်နေတယ်ဆိုပေမယ့် တန်းဆင်းဇုန်နဲ့က ၂မှတ်သာကွာဟနေတာကြောင့် ဒီပွဲရှုံးသွားရင် တဲ့အထိ အခြေအနေဆိုးသွားပါလိမ့်မယ်။ ပြီးခဲ့တဲ့ရာသီတုန်းကတော့ အခုလိုပဲ လက်စတာခြေစွမ်း ခွဲလံဆီးက လက်စတာကွင်းမှာ (၁-၃)ရလဒ်နဲ့အနိုင်ရခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီရာသီမှာတော့ ခွဲလံဆီးက လက်စတာက (၁)ပွဲသာရှုံးထားသလို ခွဲလံဆီးက သွင်းဂိုး (၁၇)ဂိုးသာရထားချိန်မှာလည်း လက်စတာက နီးပါးဖြစ်တဲ့ သွင်းဂိုး(၃၂)ဂိုးရရှိထားတာကြောင့် လွယ်တော့မလွယ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ခွဲလံဆီးအတွက်က ရှိနေပြီး လက်စတာကို အနိုင်ကစားမလား၊ တန်းဆင်းဇုန်ထဲ သွားမလားဆိုတာပဲ ဖြစ်ပါတယ်...။

ပရီးမီးယားလိဂ်ပွဲစဉ်(၁၆)
၁၅-၁၂-၂၀၁၅၊ (အင်္ဂါနေ့နက် ၀၂း၃၀ နာရီ)
လက်စတာ - ခွဲလံဆီး

စီးရီးအေမှာ (၅)ပွဲဆက်နိုင်ထားတဲ့ ဂျူဗင်တပ်နဲ့ (၆)ပွဲဆက်မရှုံးခဲ့တဲ့ ဖိအိုရင်တီးနား

(၁၄-၁၂-၂၀၁၅၊ တနင်္လာနေ့နက် ၀၂း၁၅ နာရီ)
ဂျူဗင်တပ် - ဖိအိုရင်တီးနား

စီးရီးအေအိမ်ကွင်းနောက်ဆုံး (၆)ပွဲဆက်နိုင်ထားတဲ့ နာပိုလီကို အကဲစမ်းမယ့် ရိုးမား

(၁၃-၁၂-၂၀၁၅၊ တနင်္ဂနွေည ၁၁း၃၀ နာရီ)
နာပိုလီ - ရိုးမား

မာရှယ်နောက်တစ်ခွက်ဆို ငါတို့ရောက်သွားကြမှာ...

ခရမ်းရေ... ခရမ်းရေ... အဝတ်စလေးတစ်ခုပုံကျသွားသလို ချဲလ်ဆီးရုံးနိမ့်ခဲ့ရတယ်။ ဘာဆိုဘာမှ ပြောချင်စိတ်မရှိတော့လောက်အောင် ဒီတစ်ကြိမ်အရှုံးက အားလုံးကိုထုတ်ယူသွားခဲ့ပေါ့။ သူတို့ပြန်လာနေကြပြီဆိုတဲ့အသံဟာ ကားဘီးတွေအောက်မှာသေဆုံးချေပြေ့။ ဘုန်းမောက်ဟာ ကားတစ်စင်းလိုနင်းကြိတ်သွားမယ်လို့ဘယ်သူထင်ခဲ့မှာလဲ။ မျက်နှာကိုလက်ဝါးနဲ့အုပ်ထားလိုက်ကြတယ်။ ကားတိုက်ခံရသူတွေနဲ့အပြိုင် ငါတို့အော်ဟစ်ကြရတယ်။ ငါတို့ သူ့ဘေးမှာရှိနေပါတယ်။ သူ လှည့်ကြည့်တယ်၊ ပြီးတော့ ပြန်လှည့်သွား။ ငါတို့ဘာပြောကြဦးမှာလဲ။ ကြားရက်မှာ ပေါ်တိုနဲ့ကစားခဲ့ကြသေးတယ်။ အဲဒီမှာသူတို့ပြန်လည်ရှင်သန်ထမြောက်ပါစေကြောင်း ငါတို့ဆုတောင်းပြီး ဘုရားကျောင်းထဲကထွက်လာတာ သူမြင်ဖြစ်အောင်မြင်သွားသေးသလား။ အင်း...လက်စတာကိုနိုင်မယ်မထင်ပါဘူး။ ဒါပေမဲ့ ကြိုးစားကြည့်ချင်သေးတယ်။ ဘာပြောရမလဲ၊ တစ်ပွဲပဲပြော "ချဲလ်ဆီး"။

N ကြယ်မင်း

(၇) ဝက်စ်ဟမ်း - စတုတ်စီးတီး (၁၁)

ကစားမည့်အချိန် - ၁၂-၁၂-၂၀၁၅ ည ၉း၃၀ နာရီ
ကစားမည့်ကွင်း - ဘိုလင်းဂရောင်း(၃၅,၃၀၃)

ပြိုင်ပွဲအလုပ်ရပ်(ဝက်စ်ဟမ်းကွင်း)တွေဆုံမှု

ဝက်စ်ဟမ်းနိုင်	သရေ	စတုတ်စီးတီးနိုင်	ပေါင်း
၃၄(၂၁)	၂၂(၁၃)	၃၃(၉)	၈၉(၄၃)

နောက်ဆုံး ၅ကြိမ်တွေ့ဆုံမှုရလဒ်များ

*ဝက်စ်ဟမ်း	၁ - ၁	စတုတ်စီးတီး	(၈၅)
*စတုတ်စီးတီး	၂ - ၂	ဝက်စ်ဟမ်း	(၈၅)
*စတုတ်စီးတီး	၃ - ၁	ဝက်စ်ဟမ်း	(၈၅)
*ဝက်စ်ဟမ်း	၀ - ၁	စတုတ်စီးတီး	(၁၀၀)
*စတုတ်စီးတီး	၀ - ၁	ဝက်စ်ဟမ်း	(၈၅)

❑ နောက်ဆုံး ၁၀ကြိမ်၌ အိမ်ရှင် ၅ပွဲ အောင် ၅ပွဲ ရှုံး
❑ နောက်ဆုံး ၁၀ကြိမ်၌ မြေ ဂိုးပေါ် ၁၂ပွဲ ဂိုးအောက်

ဝက်စ်ဟမ်းနောက်ဆုံး ၅ပွဲရလဒ်

*မန်ယူ	၀ - ၀	ဝက်စ်ဟမ်း	(၁-၅၀)
*ဝက်စ်ဟမ်း	၁ - ၁	ဝက်စ်ဘရွန်း	(၈၅)
*စပါး	၄ - ၁	ဝက်စ်ဟမ်း	(၁၈)
*ဝက်စ်ဟမ်း	၁ - ၁	အဲဗာတန်	(၈၅)
*ဝက်ဖို့ဒ်	၂ - ၀	ဝက်စ်ဟမ်း	(၈၅)

စတုတ်စီးတီးနောက်ဆုံး ၅ပွဲရလဒ်

စတုတ်စီးတီး	၂ - ၀	မန်စီတီး*	(၁+၅၀)
*စတုတ်စီးတီး	၂ - ၀	ရွာတ်ဖီးWed	(၁၀၀)
ဆန်းဒါးလန်	၂ - ၀	စတုတ်စီးတီး	(-)
*ဆောက်သမ်တန်	၀ - ၁	စတုတ်စီးတီး	(၁+၅၀)
စတုတ်စီးတီး	၁ - ၀	ချဲလ်ဆီး*	(၁၀၀)

❑ ဝက်စ်ဟမ်းက သရေကွက်လွှင် ၂၅ ရှုံးမည်။
❑ ဂိုးပေါင်းမှာ ၂၃ုံးသွင်းလွှင် ၅၈ ရှုံးမည်။

ဝက်စ်ဟမ်း(သို့)ပြန်လည်ထွက်ပြေးနေသောသီချင်း

ခရမ်းရေ... မန်ယူကို သရေကစားလိုက်ပြန်ပါတယ်။ အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီး ခချဲလ်ဆီးတို့ပွဲတွေထက်မြင့်တဲ့ရလဒ်ကို ဝိုင်ဆိုင်ရလေခြင်းလို့ လူးဝစ်ဗန်ဂိုးလ်ပဲ့ကြွားစရာရလဒ်တစ်ခုလို့တောင်ဆိုရမလားပါပဲ။ ဝက်စ်ဟမ်းဟာ အဲဒီလိုအခြေမြင့်ခဲ့ပါတယ်။ ဘီလစ်ဟာ အဲဒီလိုထူးခြားမှုတွေရဲ့အရှင်မင်းမြတ်ပဲ။ ဒီမှာ သူလုပ်ပြသွားတာတွေက မင့်ကလေးတွေပြောသလို ကျွတ်ဆင်ကြီးတွေ ချည်းပဲ။ ဒါပေမဲ့ မန်ယူနဲ့ပွဲမှာတော့ ကံကောင်းခြင်းက ဝက်စ်ဟမ်းရင်တွင်းအရင်းခံလို့ ဆိုနိုင်ပါတယ်။ နောက်ဆုံးကစားတဲ့၅ပွဲမှာ ၃ပွဲသရေ၊ ၂ပွဲရှုံးခဲ့ပါတယ်။ အိမ်ကွင်းမှာ ဒါကို ပြန်လည်ပြောင်းလဲချင်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါက အချိန်ကျပြီလို့ငါမယုံနိုင်သေးပါဘူး။

စတုတ်စီးတီး (သို့) ဟုခ်ဟုချ်သံမဏိ

ပုံမှန်အတိုင်းဆို သူတို့အဝေးကွင်းကြိုးတွေလျော့ပါတယ်။ ဒါပေမဲ့ ၃-၃-၂ကစား ထားပြီး ဂိုးကွာခြားချက်-၁ပဲရှိနေတာကြောင့် သူတို့ကို ဘယ်သူမှအလွယ်တကူဖိုလ်မကျနိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒီရာသီမှာ မာကျောမှုအရင်းအမြစ်ခဲ့လျင်ပြန်သေသပ်တဲ့ တောင်ပံတိုက်စစ်တွေရဲ့အားကိုမှာ်ဟုချ်ပေါင်းစပ်နိုင်ဖို့ကြိုးစားခဲ့တာ အောင်မြင်စပြုလာပါတယ်။ ပြိုင်ပွဲစုံခုနောက်ဆုံး၆ပွဲမှာ အဲဒီတစ်ပွဲပဲ ဂိုးပေးခဲ့ရတာကိုကြည့်ရင် သူတို့ရောက်နေတဲ့နေရာကိုမြင်နိုင်ပါလိမ့်မယ်။

သုံးသပ်ချက်

ဝက်စ်ဟမ်းဘက်က လျော့ပေးလိုက်ရတာတွေများလာချိန်မှာ စတုတ်ဘက်က တစ်ရစ်ပြီးတစ်ရစ်ပြန်တင်းလာနိုင်ခဲ့ပါတယ်။ ရှာကွီရီနဲ့ ကာကစ်တို့ဖြစ်အောင်လုပ်ပြနေတာတွေကိုကြည့်ရင်း ဘီလစ်ဟာ သူ့ရဲ့ဒဏ်ရာများနဲ့သုံးသပ်ချက်လူစာရင်းကို စိတ်ပျက်လက်ပျက် ပွတ်သပ်သွားမိမလားပါပဲ။ ခရမ်းရေ... ဝက်စ်ဟမ်းကို=၂၅နဲ့ရနိုင်တာ ထောင်ချောက်တစ်ခုပါ။ သရေအနိမ့်ဆုံးကစားမယ့် စတုတ်စီးတီးနဲ့ ဆက်ဆက်သွားကြရအောင်လား။

(၁၇) ဘုန်းမောက် - မန်ယူ (၄)

ကစားမည့်အချိန် - ၁၃-၁၂-၂၀၁၅ နံနက် ၀း၁၀နာရီ
ကစားမည့်ကွင်း - စီတာဇင်မီတီ(၁၂,၀၀၀)

ပြိုင်ပွဲအလုပ်ရပ်(ဘုန်းမောက်ကွင်း)တွေဆုံမှု

ဘုန်းမောက်နိုင်	သရေ	မန်ယူနိုင်	ပေါင်း
၃(၁)	၂(၂)	၅(၁)	၈(၄)

နောက်ဆုံး ၅ကြိမ်တွေ့ဆုံမှုရလဒ်များ

မန်ယူ	၁ - ၀	ဘုန်းမောက်	(၁၉၈၉)
ဘုန်းမောက်	၁ - ၁	မန်ယူ	(၁၉၈၉)
မန်ယူ	၃ - ၀	ဘုန်းမောက်	(၁၉၈၅)
ဘုန်းမောက်	၂ - ၀	မန်ယူ	(၁၉၈၄)
ဘုန်းမောက်	၂ - ၂	မန်ယူ	(၁၉၈၂)

❑ မန်ယူသည် ဘုန်းမောက်အိမ်ကွင်း၌ ၄ပွဲကစားခဲ့ရာတွင် ၁ပွဲမျှသာရရှိခဲ့ပြီး ၂ပွဲသရေ၊ ၁ပွဲရှုံးခဲ့သည်။

ဘုန်းမောက်နောက်ဆုံး ၅ပွဲရလဒ်

*ချဲလ်ဆီး	၀ - ၁	ဘုန်းမောက်	(၁-၅၀)
ဘုန်းမောက်	၃ - ၃	အဲဗာတန်	(-)
*ဆွမ်ဆီး	၂ - ၂	ဘုန်းမောက်	(၈၅)
*ဘုန်းမောက်	၀ - ၁	နယူးကာဆယ်	(၈၅)
*ဆောက်သမ်တန်	၂ - ၀	ဘုန်းမောက်	(၁၈)

မန်ယူနောက်ဆုံး ၅ပွဲရလဒ်

ဝုဗ်ဘတ်	-	မန်ယူ	-
*မန်ယူ	၀ - ၀	ဝက်စ်ဟမ်း	(၁-၅၀)
လက်စတာ	၁ - ၁	မန်ယူ*	(၈၅)
*မန်ယူ	၀ - ၀	ဝီအက်စ်ဘီ	(၁-၅၀)
ဝက်ဖို့ဒ်	၁ - ၂	မန်ယူ*	(၁၀၀)

❑ မန်ယူက သရေကွက်လွှင် ၈၅ ရှုံးမည်။
❑ ဂိုးပေါင်းမှာ ၂၃ုံးသွင်းလွှင် ၅၈ ရှုံးမည်။

ဘုန်းမောက်(သို့)နေမင်းကိုနောက်ပြန်လှည့်မလား

ဂက်တင်ဘာလထဲမှာ ဆန်းဒါးလန်းကို နိုင်ပွဲချပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ဒုမှတ်ရယူခဲ့ပါတယ်။ အဲဒီဒုမှတ်ကို 'မော်ရင်ဟိုပေးခဲ့တာ'လို့ ဘုန်းမောက်ကစားသမားတွေ အရပ်ထဲမှာ သီချင်းလုပ်ဆိုနေကြမလားတောင် မပြောတတ်ပါဘူး။ ခရမ်းရေ... သူတို့ကြွေကြွေခဲနိုင်ကြပါတယ်။ ချန်ပီယံရှစ်မှာဝိုလ်စွဲစဉ်က လိုစိတ်ဓာတ်မျိုးနဲ့ သေမထူးနေမထူးတိုက်ပွဲဝင်ပုံမျိုးကို အက်ဒီဟိုဒီကျွမ်းကျင်ပုံလည်း ရပါတယ်။ ဒါကြောင့်လည်း နောက်ဆုံးဒုပွဲက ၇မှတ်ရခဲ့တာလို့ ငါတို့လက်ခံပေးကြရပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီစိတ်ကလေးရှင်းနေ၊ တင်းနေတာတစ်ခုနဲ့ ပြီးတော့ တစ်ပွဲထက်တစ်ပွဲ သာလွန်လာတဲ့ယုံကြည်မှုလေးတစ်ခုနဲ့ မန်ယူကိုတက်ပြီးနိုင်လိုက်ချင်ပါသေးရဲ့တော့ မလုပ်နဲ့ပေါ့။ ခရမ်းရေ... ဒေါသနဲ့သာ ငါတို့ အရာရာကိုဆုံးဖြတ်နိုင်ရင်နေမင်းကိုအနှစ်၂၀လောက် နောက်ပြန်လှည့်ပစ်လိုက်ချင်ပါသေးတယ်။

မန်ယူ(သို့)ဂိုးသင်တန်းကျောင်းသားရမယ့်နတ်ဆိုးတွေ

ခရမ်းရေ... တော်ရုံလူမကြိုးဖူးကြတာကို ကြိုးဖူးခြင်းက ဂုဏ်သိက္ခာတစ်ခုဆိုရင် ငါတို့လည်း ငါတို့မန်ယူနဲ့ဂုဏ်ယူစရာအချိန်အခါတစ်ခုကိုဖြတ်သန်းနေကြပြီလို့ ပြောရမှာပဲ မဟုတ်လား။ ဘယ်နှစ်ဘယ်ရာသီမှာမဆို မန်ယူဆိုတာ တိုက်ဖိုက်ခြင်း။ ရဲရင့်ခြင်းတို့ရဲ့အမှတ်အသားပဲ။ ငါတို့ဟာ မန်ယူပွဲကြည့်ဖို့ဆို ရောက်ရာအရပ်ကပြန်လာကြရ၊ အသင့်ဖြစ်ကြရ။ အခုတော့ မန်ယူနာမည်ကြားရုံနဲ့ ငါတို့ဟာမလှုပ်ရှားချင်ဖြစ်နေကြပြီ။ ဒီရာသီပြီဉ်ပွဲစုံမှာ ဂိုးမသွင်းနိုင်တဲ့ပွဲက ၎ပွဲ။ ဒါပေမဲ့ တစ်ဆက်တည်းမှာ အမှန်အတိုင်းဝန်ခံရရင်တော့ ဝက်စ်ဟမ်းနဲ့ပွဲမှာ အခွင့်အရေးတော်တော်များများကို ဖန်တီးနိုင်ကြပြီး တိုက်စစ်ကစားသမားတွေကို ဂိုးသင်တန်းကျောင်းပို့ဖို့လိုနေပြန်တာပါပဲ။ ဒါပဲလိုပါတယ်။ အခုပွဲမှာ အဲဒီလောက်လုပ်နိုင်မယ်ဆိုရင်ပဲပြီးပါပြီ။

သုံးသပ်ချက်

မန်ယူ =ရှဖွင့်လှစ်ထားပါတယ်။ ခရမ်းရေ... ပရီမီးယားလိဂ်ဆိုတာစိတ်ဓာတ်ကောင်းတစ်ခုနဲ့ ထွန်ယက်သီးပွင့်ရာစိုက်ခင်းမဟုတ်ပါဘူး။ အရည်အသွေးနဲ့လုပ်တတ်ကိုင်တတ်မှုက ပွဲအဖြေကိုယူလာကြပါလိမ့်မယ်။ မန်ယူဟာ တဖြည်းဖြည်းရှေ့ကိုတိုးလာပါတယ်။ မန်ယူနဲ့အတူထိုင်နေတဲ့ဝိုင်းကလည်းကြာမြင့်လာပြီဖြစ်ပြီး ဝက်စ်ဟမ်းနဲ့ပွဲမှာမြည်းစမ်းခဲ့ပုံအရ ဆိုရင် မာရှယ်နောက်တစ်ခွက်ဆိုငါတို့လည်း ရောက်လောက်ပါပြီ။ တစ်ဂိုးနိုင်ရင် ပြီးနေပြီ ဆိုပေမယ့်တစ်ဂိုးမကဘူးဆိုတာမာရှယ်နောက်တစ်ခွက်က သက်သေခံပါလိမ့်မယ်။

(၅) စပါး - နယူးကာဆယ် (၁၈)

ကစားမည့်အချိန် - ၁၃-၁၂-၂၀၁၅ ည ၁၀း၃၀ နာရီ
ကစားမည့်ကွင်း - ဝိုက်ဟတ်ဝလိန်း(၃၆,၇၆၃)

ပြိုင်ပွဲအလုပ်ရပ်(စပါးကွင်း)တွေဆုံမှု

စပါးနိုင်	သရေ	နယူးကာဆယ်နိုင်	ပေါင်း
၆၆(၄၁)	၃၂(၁၃)	၅၆(၂၃)	၁၅၄(၇၇)

နောက်ဆုံး ၅ကြိမ်တွေ့ဆုံမှုရလဒ်များ

နယူးကာဆယ်	၁ - ၃	စပါး*	(-၅၀)
*စပါး	၄ - ၀	နယူးကာဆယ်	(၁+၅၀)
*စပါး	၁ - ၂	နယူးကာဆယ်	(၁-)
နယူးကာဆယ်	၀ - ၄	စပါး*	(-၅၀)
*စပါး	၀ - ၁	နယူးကာဆယ်	(၁-)

❑ နောက်ဆုံး ၅ကြိမ်၌ အိမ်ရှင် ၁ပွဲအောင် ၁ပွဲရှုံး၊ ၃ပွဲသရေ၊ ၁ပွဲရှုံး။
❑ နောက်ဆုံး ၁၀ကြိမ်၌ ၁၀ပွဲ ဂိုးပေါ် ၁၂ပွဲ ဂိုးအောက်။

စပါးနောက်ဆုံး ၅ပွဲရလဒ်

စပါး	-	ပိုးနာကို	-
ဝက်စ်ဘရွန်း	၁ - ၁	စပါး*	(၈၀၀)
စပါး	၀ - ၀	ချဲလ်ဆီး	(-)
ကွာရာဘတ်	၀ - ၁	စပါး*	(၈၀၀)

*စပါး ၄ - ၁ ဝက်စ်ဟမ်း (၁၈)

နယူးကာဆယ်နောက်ဆုံး ၅ပွဲရလဒ်

နယူးကာဆယ်	၂ - ၀	လီဗာပူး*	(၁၈)
*ဆေ့ဝတယ်ပဲလ်စ်	၅ - ၁	နယူးကာဆယ်	(၁+၅၀)
နယူးကာဆယ်	၀ - ၃	လက်စတာ*	(-၅၀)
*ဘုန်းမောက်	၀ - ၁	နယူးကာဆယ်	(-၅၀)
*နယူးကာဆယ်	၀ - ၀	စတုတ်	(-၅၀)

❑ စပါးက ၁၀ုံးသွင်းလွှင် ၈၅ ရှုံးမည်။
❑ ဂိုးပေါင်းမှာ ၃ုံးသွင်းလွှင် ပြန်ရွာမည်။

စပါး(သို့)မရှုံးခြင်းကမရှုံးခြင်းကိုရန်စလာတဲ့အခါ

'ရောက်လုနီးမှ လက်ပန်းကျသလား' ဆိုတဲ့ ဦးကျော်ဟိန်းသီချင်းလေးတောင်အမှတ်ရပါသေးတယ်။ စပါးဟာ ၁၄ပွဲဆက် ရှုံးပွဲမရှိမှုနဲ့အတူ ထိပ်ဆုံး၄သင်းဆဲဝင်ဖို့ ၃မှတ်ထဲလိုမှ သရေပွဲတွေနဲ့တွယ်ငြိပြီး ဒီဇင်ဘာလက်ကြမ်းကြီးနဲ့ ပွတ်သပ်မှုဒဏ်ကိုခံယူနေရတဲ့ သဘောရှိလာပါတယ်။ ဝက်စ်ဘရွန်းနဲ့ပွဲမှာ ဘောလုံးပိုင်ဆိုင်မှုသာလွန်ခဲ့တာကလွဲရင် အခြားသောအရာရာမှာတုံ့ဆိုင်းစပြုခဲ့ပါတယ်။ ပြီးတော့ ဂျေမီဘီဖြစ်ချင်ခဲ့မယ့် ဟယ်ရီကိန်းရောပေါ့။ မရှုံးအောင်ကစားခဲ့ကြရင်းမရှုံးခြင်းက ဒီအားဖြစ်လာတာမျိုး ငါတို့မြင်တွေ့ဖူးလှပါပြီ။

နယူးကာဆယ်(သို့)ဆန်းသစ်သွေးများဆူပွက်စမှာ

အမှန်အတိုင်းပြောရရင်တော့ ဒီရာသီမှာ နယူးကာဆယ် ၂ပွဲဆက်ရလဒ်ကောင်းတာမျိုး မရှိသလောက်ပါပဲ။ နောက်ဆုံးပွဲမှာ လီဗာပူးကိုအနိုင်ရလိုက်တာလည်း ဂျာဂင်ကလော့ပ်အတွက် အချက်လွဲတာတွေအများကြီးပါ၊ ပါတယ်။ ဒါပေမဲ့ သူတို့လူစာရင်းအရ နိုင်ပွဲတစ်ပွဲရပြီးတိုင်း နောက်တစ်ပွဲအတွက် မျှော်လင့်ချက်ရှိလာသလို ခံစားရစေနိုင်ပါတယ်။ အထူးအားဖြင့် ဒီရာသီမှာ ဂရိုးသွင်းထားပြီဖြစ်တဲ့ ဝီနယ်လ်ဒမ်ပေါ့။ တစ်သင်းလုံးယောက်ယက်ခတ်နေချိန်မှာတောင် တစ်ခုခုထဖြစ်လိုက်ပို့ သူကအမြဲအသင့်ဖြစ်နေတတ်တာပါ။ ဘာပဲပြောပြော ချဲလ်ဆီးနဲ့တောင် ၂မှတ်ပဲကွာတဲ့ ဘဝမှာ လီဗာပူးကိုအနိုင်ရလိုက်ခြင်းက သူတို့ကို ဆန်းသစ်သွေးသားရရှိလာစေပါလိမ့်မယ်။

သုံးသပ်ချက်

စပါးက တကယ့်စပါးလို ဖွင့်လှစ်ထားပါတယ်။ ခရမ်းရေ... အဲဒီမှာငါနဲ့အနည်းငယ်ကွဲလွဲနိုင်ပါတယ်။ ငါက စပါးကိုနောက်နည်းနည်းဆုတ်ကြည့်ချင်ပါတယ်။ ဒီချိန်မှာ၁-၅၅ နဲ့သူတို့နောက်လိုက်ဖို့ သံသယရှိနေကြောင်းမင်းသိမှာပါ။ စပါးနိုင်ရင် ဂိုးပြတ်လေ့ရှိပေမယ့် မထင်မှတ်ဘဲ နယူးကာဆယ်တက်နိုင်သွားတာတွေလည်းအထင်အရှားပါ။ စပါး ၃ပွဲဆက် သရေကျတာမျိုးဖြစ်နိုင်သလို နိုင်ရင်တောင် ဂိုးမပြတ်ခဲ့တာလည်းရှိနိုင်ပါတယ်။ ငါနဲ့ အဲဒီဆုတောင်းကို ဝီနယ်လ်ဒမ်ယူလာပါစေ။

မှတ်ချက် ။ ။ ပရီမီးယားလိဂ် ပွဲစဉ်-၁၆ လက်ကျန်ပွဲများကို တစ်ဝက်စာမျက်နှာ - ၃ တွင် တော်ပြထားပါသည်။

ဒီဇင်ဘာ ၁၂/၁၃/၁၅

ပရီးမီးယားလိဂ်ပွဲစဉ်-၁၆ ပွဲကြို

(၂၀) အက်စတွန်ဗီလာ Vs အာဆင်နယ် (၂)

ပြင်ပွဲအရေပ်ရပ်တွေ့ဆုံမှု		ဗီလာအိမ်ကွင်းဦးတွေ့ဆုံမှု	
အိမ်ရှင်နိုင်/၆၆	သရေ/၄၅ ည့်သည်နိုင်/၈၀	အိမ်ရှင်နိုင်/၄၀	သရေ/၂၅ ည့်သည်နိုင်/၂၅

နောက်ဆုံး ပြက္ခဒိန်တွေ့ဆုံမှုရလဒ်များ

ဗီလာ ၁ - ၂ အာဆင်နယ်* (၁-၅၀)	*အာဆင်နယ် ၄ - ၀ ဗီလာ (၁-၀)
*အာဆင်နယ် ၁ - ၃ ဗီလာ (၁-၅၀)	*အာဆင်နယ် ၅ - ၀ ဗီလာ (၁-၀၀၀)
*အာဆင်နယ် ၂ - ၁ ဗီလာ (၂+၅၀)	ဗီလာ ၀ - ၃ အာဆင်နယ်* (၁-၀၀)

❑ ဗီလာသည် မြေင်ပွဲရုံ၌ နိုင်ပွဲမော့ဂ်ဆုံးနေသည်မှာ နောက်ဆုံး ၁၀ပွဲဆက်ရှိမြို့ခြင်းပြီး ယင်း ၁၀ပွဲတွင် ပေးဂိုးစုစုပေါင်း ၂၁ဂိုးရှိခဲ့။

❑ ဗီလာသည် မြေင်ပွဲ၌ ၅ပွဲဆက်ရှုံးနေခြင်းဖြစ်ပြီး အိမ်ရှင် ၁၀ပွဲ အောင် ၂ပွဲ မြန်ခဲ့ရာ ၁၄ပွဲ ရှုံး။

❑ နောက်ဆုံး ၃၀ကြိမ်၌ ၂၀ပွဲဂိုးပေး၊ ၁၀ပွဲဂိုးအောက်။

*အောင်လမ်တန် ၁ - ၁ ဗီလာ (၁-)	အိုလံပီယာကိုစ် - အာဆင်နယ် -	
ဗီလာ ၂ - ၃ ဂတ်ဖိုဒ် (-)	*အာဆင်နယ် ၃ - ၁ ဆန်းဒါးလန်း (၂+၅၀)	
*အဲဗာတန် ၄ - ၀ ဗီလာ (၁-)	နော်ဝစ်ခ် ၁ - ၁ အာဆင်နယ်*(၁-)	
ဗီလာ ၀ - ၀ မန်စီးတီး* (၁-၅၀)	*အာဆင်နယ် ၃ - ၀ ဇာရက် (၂-)	
*စပါး ၃ - ၁ ဗီလာ (၁-၅၀)	ဂတ်စ်ဘာရွန်း ၂ - ၁ အာဆင်နယ်*(၁-)	

❑ အာဆင်နယ်က ၁၃ပွဲလုံးလျှင် မြန်ခဲ့ရာမည်။ ❑ ဂိုးပေါင်းမှာ ၃၃ပွဲလုံးလျှင် ၂၈ ဂိုးမည်။

အောက်ဆုံးရောက်နေပေမယ့် ဗီလာရဲ့အိမ်ကွင်းရုန်းအား ကို ယုံကြည်ကြည့်ချင်တယ်။

ဗီလာ

(၁၆) နော်ဝစ်ခ် Vs အဲဗာတန် (၉)

ပြင်ပွဲအရေပ်ရပ်တွေ့ဆုံမှု		နော်ဝစ်ခ်အိမ်ကွင်းဦးတွေ့ဆုံမှု	
အိမ်ရှင်နိုင်/၁၅	သရေ/၁၈ ည့်သည်နိုင်/၂၁	အိမ်ရှင်နိုင်/၉	သရေ/၉ ည့်သည်နိုင်/၇

နောက်ဆုံး ပြက္ခဒိန်တွေ့ဆုံမှုရလဒ်များ

နော်ဝစ်ခ် ၂ - ၁ အဲဗာတန်* (-၅၀)	*အဲဗာတန် ၁ - ၁ နော်ဝစ်ခ် (၁+၅၀)
နော်ဝစ်ခ် ၁ - ၁ အဲဗာတန်* (-၅၀)	*အဲဗာတန် ၂ - ၀ နော်ဝစ်ခ် (၁-၁၀၀)
နော်ဝစ်ခ် ၂ - ၂ အဲဗာတန်* (-၅၀)	*အဲဗာတန် ၁ - ၀ နော်ဝစ်ခ် (၁+၅၀)

❑ နော်ဝစ်ခ်အိမ်ကွင်းတွင် ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး ဖြုတ်ပြတ်တွေ့ဆုံမှု၌ ဖြုတ်စရာ ၂ပွဲလုံး ၂-၁ဂိုးအထက်ခြင်းထား သည်ကိုတွေ့ရ။

❑ ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး ၁၀ကြိမ်တွေ့ဆုံမှု၌ အိမ်ရှင် ၆ပွဲ အောင် ၃ပွဲ မြန်ခဲ့ရာ ၉ပွဲ ရှုံး။

❑ နောက်ဆုံး ၁၀ကြိမ်၌ ၆ပွဲ ဂိုးပေး၊ ၅ပွဲ ဂိုးအောက်။

*တက်ဖိုဒ် ၂ - ၀ နော်ဝစ်ခ် (-၅၀)	*အဲဗာတန် ၁ - ၁ ပဲလ့စ် (-၁၀၀)	
နော်ဝစ်ခ် ၁ - ၁ အာဆင်နယ်*(၁-)	မစ်ဒယ်ဘရော ၀ - ၂ အဲဗာတန် (-)	
*ချဲလ်ဆီး ၁ - ၀ နော်ဝစ်ခ် (၁-၅၀)	ဘုန်းပေးက် ၃ - ၃ အဲဗာတန် (-)	
နော်ဝစ်ခ် ၁ - ၀ ဆွမ်ဆီး (-)	*အဲဗာတန် ၄ - ၀ ဗီလာ (၁-)	
*မန်စီးတီး ၂ - ၁ နော်ဝစ်ခ် (၂+၅၀)	*တက်ဗ်ဟမ်း ၁ - ၁ အဲဗာတန် (-၅၀)	

❑ အဲဗာတန်က သရေကွက်လျှင် ၃၅ ပွဲမည်။ ❑ ဂိုးပေါင်းမှာ ၂၃ပွဲလုံးလျှင် ၁၀၀ ပွဲမည်။

အဲဗာတန် တိုက်စစ်အားကျနေပေမယ့် နော်ဝစ်ချ်ခံစစ် ညံ့တာကြောင့် ကပ်နိုင်သွားဖို့ရှိပါတယ်။

အဲဗာတန်

(၆) ခရစ္စတယ်ပဲလေ့စ် Vs ဆောက်သမ်တန် (၁၂)

ပြင်ပွဲအရေပ်ရပ်တွေ့ဆုံမှု		ခရစ္စတယ်ပဲလေ့စ်အိမ်ကွင်းဦးတွေ့ဆုံမှု	
အိမ်ရှင်နိုင်/၂၄	သရေ/၁၃ ည့်သည်နိုင်/၂၉	အိမ်ရှင်နိုင်/၁၆	သရေ/၈ ည့်သည်နိုင်/၈

နောက်ဆုံး ပြက္ခဒိန်တွေ့ဆုံမှုရလဒ်များ

*ဆောက်သမ်တန် ၁-၀ ပဲလ့စ် (၁+၅၀)	ပဲလ့စ် ၀-၁ ဆောက်သမ်တန်*(-၅၀)
*ဆောက်သမ်တန် ၂-၃ ပဲလ့စ် (၁-)	*ဆောက်သမ်တန် ၂-၀ ပဲလ့စ် (၁-၅၀)
ပဲလ့စ် ၁-၃ ဆောက်သမ်တန်*(-၁၀၀)	ပဲလ့စ် ၀-၂ ဆောက်သမ်တန်*(-၁၀၀)

❑ ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး ၁၀ကြိမ်တွေ့ဆုံမှု၌ အိမ်ရှင် ၇ပွဲ အောင် ၁၁ပွဲ မြန်ခဲ့ရာ ၁၂ပွဲ ရှုံး။

❑ ခရစ္စတယ်ပဲလေ့စ်အိမ်ကွင်း၌ ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး အပေါ်အသင်းသာအောင်မြင်ခဲ့။

*အဲဗာတန် ၁ - ၁ ပဲလ့စ် (-၁၀၀)	*ဆောက်သမ်တန် ၁ - ၁ ဗီလာ (၁-)	
*ပဲလ့စ် ၅ - ၁ နယူးကာဆယ်(၁+၅၀)	*ဆောက်သမ်တန် ၁ - ၆ လီတူး (-၅၀)	
*ပဲလ့စ် ၀ - ၁ ဆန်းဒါးလန်း (၁-)	*မန်စီးတီး ၃ - ၁ ဆောက်သမ်တန် (၁-)	
*လီတူး ၁ - ၂ ပဲလ့စ် (၁+၅၀)	*ဆောက်သမ်တန် ၀ - ၁ စတုတ် (၁+၅၀)	
ပဲလ့စ် ၀ - ၀ မန်ယူ* (-၁၀၀)	ဆန်းဒါးလန်း ၀ - ၁ ဆောက်သမ်တန်* (၁+၅၀)	

❑ ခရစ္စတယ်ပဲလေ့စ်က သရေကွက်လျှင် ၂၀ ပွဲမည်။ ❑ ဂိုးပေါင်းမှာ ၂၇ပွဲလုံးလျှင် ၅၁ ပွဲမည်။

ပဲလေ့စ်ရဲ့ အိမ်ကွင်းကစားပုံကောင်းပါတယ်။ ဆောက်သမ်တန်ခြေကျနေလို့ သရေကျဖို့ရှိပြီး ဂိုးနည်းနိုင်တယ်။

သရေ

(၁၈) လက်စတာ Vs ချဲလ်ဆီး (၁၄)

ပြင်ပွဲအရေပ်ရပ်တွေ့ဆုံမှု		လက်စတာအိမ်ကွင်းဦးတွေ့ဆုံမှု	
အိမ်ရှင်နိုင်/၂၄	သရေ/၂၉ ည့်သည်နိုင်/၅၁	အိမ်ရှင်နိုင်/၁၉	သရေ/၁၈ ည့်သည်နိုင်/၁၃

နောက်ဆုံး ပြက္ခဒိန်တွေ့ဆုံမှုရလဒ်များ

လက်စတာ ၁ - ၃ ချဲလ်ဆီး* (၁+၅၀)	*ချဲလ်ဆီး ၄ - ၃ လက်စတာ (၂+၅၀)
*ချဲလ်ဆီး ၂ - ၀ လက်စတာ (၂+၅၀)	လက်စတာ ၀ - ၄ ချဲလ်ဆီး* (၁-)
*ချဲလ်ဆီး ၅ - ၂ လက်စတာ (၁-၁၀၀)	*ချဲလ်ဆီး ၂ - ၁ လက်စတာ (၂-)

❑ ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး ၆ကြိမ်တွေ့ဆုံမှု၌ အိမ်ရှင် ၂၌ အောင် ၄ပွဲ ရှုံး။

❑ လက်စတာသည် ပရီမီးယားလိဂ်အိမ်ကွင်းပွဲများတွင် ချဲလ်ဆီးကိုရှုံးပြီးနောက်ပိုင်း အာဆင်နယ်မှုံးခဲ့သည်မှလွဲ၍ ကျန် ၉ပွဲစလုံးဆုံးရှုံးခဲ့ပုံဖော်။

❑ နောက်ဆုံး ၆ကြိမ်၌ ၆ပွဲ ဂိုးပေး၊ ၁ပွဲ ဂိုးအောက်။

ဆွမ်ဆီး ၀ - ၃ လက်စတာ (-)	ချဲလ်ဆီး - ပေါ်တို့ -	
လက်စတာ ၁ - ၁ မန်ယူ* (-၅၀)	*ချဲလ်ဆီး ၀ - ၁ ဘုန်းပေးက် (၁-၅၀)	
နယူးကာဆယ် ၀ - ၃ လက်စတာ* (-၅၀)	စပါး ၀ - ၀ ချဲလ်ဆီး (-)	
*လက်စတာ ၂ - ၁ တက်ဖိုဒ် (-၁၀၀)	မက္ကာဘီ ၀ - ၄ ချဲလ်ဆီး* (၁-၅၀)	
တက်ဗ်ဘာရွန်း ၂ - ၃ လက်စတာ (-)	*ချဲလ်ဆီး ၁ - ၀ နော်ဝစ်ခ် (၁-၅၀)	

❑ ချဲလ်ဆီးက သရေကွက်လျှင် ၃၀ ပွဲမည်။ ❑ ဂိုးပေါင်းမှာ ၂၃ပွဲလုံးလျှင် ၉၀ ပွဲမည်။

ချဲလ်ဆီးပေးထားတဲ့ဈေးက ပါးနေပါတယ်။ အပြင့်ဆုံး သရေလောက်ပဲဖြစ်နိုင်လို့ အိမ်ရှင်ကိုရွေးချင်တယ်။

လက်စတာ

(၁၉) ဆန်းဒါးလန်း Vs တက်ဗ်ိုဒ် (၁၀)

ပြင်ပွဲအရေပ်ရပ်တွေ့ဆုံမှု		ဆန်းဒါးလန်းအိမ်ကွင်းဦးတွေ့ဆုံမှု	
အိမ်ရှင်နိုင်/၁၇	သရေ/၁၃ ည့်သည်နိုင်/၉	အိမ်ရှင်နိုင်/၁၂	သရေ/၅ ည့်သည်နိုင်/၃

နောက်ဆုံး ပြက္ခဒိန်တွေ့ဆုံမှုရလဒ်များ

*ဆန်းဒါးလန်း ၄ - ၂ တက်ဖိုဒ် (၁+၅၀)	*ဆန်းဒါးလန်း ၂ - ၀ တက်ဖိုဒ် (-၁၀၀)
*တက်ဖိုဒ် ၁ - ၁ ဆန်းဒါးလန်း (-၅၀)	ဆန်းဒါးလန်း ၀ - ၁ တက်ဖိုဒ် (၂၀၃)
တက်ဖိုဒ် ၂ - ၂ ဆန်းဒါးလန်း (-)	တက်ဖိုဒ် ၂ - ၃ ဆန်းဒါးလန်း (၁၉၉၉)

❑ ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး ၄ကြိမ်တွေ့ဆုံမှု၌ အိမ်ရှင် ၃၌ အောင် ၁ပွဲ ရှုံး။

❑ တက်ဖိုဒ်သည် ယခုထိသီ အဝေးကွင်းပွဲ ဂွဲ့ပွဲတွင် ဖွင့်လှစ်မှုအရ လက်စတာနှင့် သွဲ့သာ မှုံးခဲ့ပြီး ဘဲ့ပြန်ခြင်း ခွဲ၍ ၅ပွဲအထိအောင်မြင်ခဲ့။

❑ နောက်ဆုံး ၅ကြိမ်၌ ၂ပွဲ ဂိုးပေး၊ ၃ပွဲ ဂိုးအောက်။

*တက်ဖိုဒ် ၂ - ၀ နော်ဝစ်ခ် (-၅၀)	*အာဆင်နယ် ၃ - ၁ ဆန်းဒါးလန်း (၂+၅၀)	
ဗီလာ ၂ - ၃ တက်ဖိုဒ် (-)	ဆန်းဒါးလန်း ၂ - ၀ စတုတ် (-)	
တက်ဖိုဒ် ၁ - ၂ မန်ယူ* (-၁၀၀)	*ပဲလ့စ် ၀ - ၁ ဆန်းဒါးလန်း (၁-)	
*လက်စတာ ၂ - ၁ တက်ဖိုဒ် (-၁၀၀)	ဆန်းဒါးလန်း ၀ - ၁ ဆောက်သမ်တန်* (၁+၅၀)	
*တက်ဖိုဒ် ၂ - ၀ တက်ဗ်ဟမ်း (-၅၀)	*အဲဗာတန် ၆ - ၂ ဆန်းဒါးလန်း (၁-)	

❑ တက်ဖိုဒ်က သရေကွက်လျှင် ၂၀ ပွဲမည်။ ❑ ဂိုးပေါင်းမှာ ၂၃ပွဲလုံးလျှင် ၃၅ ပွဲမည်။

တက်ဖိုဒ် ဆက်တိုက်နိုင်ပွဲရနေပါတယ်။ ဒါပေမဲ့ အိမ်ကွင်း မှာရုန်းကစားနေတဲ့ ဆန်းဒါးလန်းကို ရွေးချင်တယ်။

ဆန်းဒါးလန်း

(၃) မန်စီးတီး Vs ဆွမ်ဆီး (၁၅)

ပြင်ပွဲအရေပ်ရပ်တွေ့ဆုံမှု		မန်စီးတီးအိမ်ကွင်းဦးတွေ့ဆုံမှု	
အိမ်ရှင်နိုင်/၁၈	သရေ/၃ ည့်သည်နိုင်/၀	အိမ်ရှင်နိုင်/၁၂	သရေ/၁ ည့်သည်နိုင်/၁

နောက်ဆုံး ပြက္ခဒိန်တွေ့ဆုံမှုရလဒ်များ

ဆွမ်ဆီး ၂ - ၄ မန်စီးတီး* (၁+၅၀)	*မန်စီးတီး ၃ - ၀ ဆွမ်ဆီး (၁-၁၀၀)
*မန်စီးတီး ၂ - ၁ ဆွမ်ဆီး (၁-၁၀၀)	ဆွမ်ဆီး ၀ - ၀ မန်စီးတီး* (၁+၅၀)
ဆွမ်ဆီး ၂ - ၃ မန်စီးတီး* (၁+၅၀)	*မန်စီးတီး ၁ - ၀ ဆွမ်ဆီး (၂+၅၀)

❑ ၎င်းတို့ ၂ပွဲလုံးနောက်ဆုံး ၆ကြိမ်တွေ့ဆုံမှု၌ အိမ်ရှင် ၄ပွဲ အောင် ၄ပွဲ ရှုံး။

❑ မန်စီးတီးသည် ဂလပ်ဘတ်နှင့်ပွဲမတိုင်မီ မြေင်ပွဲ ခုံးခိုမှုကွင်းနောက်ဆုံး ၁၀ပွဲဆက်တိုက် ၂-၅ဂိုးအထက် ဖြစ်ထားသည်ကိုတွေ့ရ။

❑ နောက်ဆုံး ၆ကြိမ်၌ ၅ပွဲ ဂိုးပေး၊ ၁ပွဲ ဂိုးအောက်။

မန်စီးတီး - လက်ဘတ် -	ဆွမ်ဆီး ၀ - ၃ လက်စတာ (-)	
စတုတ် ၂ - ၀ မန်စီးတီး* (၁+၅၀)	*လီတူး ၁ - ၀ ဆွမ်ဆီး (၁-၅၀)	
*မန်စီးတီး ၄ - ၁ ဟားလ်စီးတီး (၁-၁၀၀)	*ဆွမ်ဆီး ၂ - ၂ ဘုန်းပေးက် (-၅၀)	
*မန်စီးတီး ၃ - ၁ ဆောက်သမ်တန် (၁-)	နော်ဝစ်ခ် ၁ - ၀ ဆွမ်ဆီး (-)	
*ကျွတ်တပ် ၁ - ၀ မန်စီးတီး (-၅၀)	ဆွမ်ဆီး ၀ - ၃ အာဆင်နယ်*(၁+၅၀)	

❑ မန်စီးတီးက ၂လုံးသွင်းလျှင် ၇၅ နိုင်မည်။ ❑ ဂိုးပေါင်းမှာ ၃လုံးသွင်းလျှင် ၂၀ ပွဲမည်။

မန်စီးတီးက ချန်ပီယံလိဂ်ကစားခဲ့ရပေမယ့် ပရီးမီးယား လိဂ်မှာ အဆင့်ပြန်တက်ဖို့ ဒီပွဲကို ဂိုးပြတ်အနိုင်ယူမှာပါ။

မန်စီးတီး

၂၀၁၅-၁၆ဘောလုံးရာသီ ပွဲစဉ်-၁၅အပြီး ပရီမီးယားလိဂ်အသင်းများ၏ရပ်တည်မှု

			စုစုပေါင်း							အိမ်ကွင်း							အဝေးကွင်း							
အဆင့်	အသင်း	ပွဲ	နိုင်	သရေ	မှုံ	ရ/ဂိုး	ပေး/ဂိုး	ရမှတ်	နိုင်	သရေ	မှုံ	ရ/ဂိုး	ပေး/ဂိုး		နိုင်	သရေ	မှုံ	ရ/ဂိုး	ပေး/ဂိုး					
၁။	လက်စတာ	၁၅	၉	၅	၁	၃၂	၂၈	၃၂	၄	၂	၁	၁၄	၁၂		၅	၃	၀	၁၈	၉					
၂။	အာဆင်နယ်	၁၅	၉	၃	၃	၂၇	၁၃	၃၀	၄	၂	၁	၁၁	၁၁		၅	၁	၂	၁၆	၂					
၃။	မန်စီးတီး	၁၅	၉	၂	၄	၃၀	၁၆	၂၉	၅	၀	၂	၂၃	၁၀		၄	၂	၂	၇	၆					
၄။	မန်ယူ	၁၅	၈	၄	၃	၂၈	၁၄	၂၈	၄	၂	၁	၁၈	၆		၄	၂	၂	၁၀	၈					
၅။	စပါး	၁၅	၆	၆	၃	၂၂	၁၂	၂၄	၄	၂	၁	၁၂	၆		၂	၄	၂	၁၀	၆					
၆။	ပဲလ့စ်	၁၅	၇	၂	၆	၂၈	၂၅	၂၃	၄	၂	၁	၁၁	၆		၃	၀	၅	၁၇	၁၉					
၇။	တက်ဗ်ဟမ်း	၁၅	၆	၅	၄	၂၂	၂၀	၂၃	၃	၂	၂	၁၂	၁၀		၃	၃	၂	၁၀	၁၀					
၈။	လီတူး	၁၅	၆	၅	၄	၁၈	၁၇	၂၃	၂	၂	၃	၈	၁၁		၄	၃	၁	၁၀	၆					
၉။	အဲဗာတန်	၁၅	၅	၇	၃	၂၁	၂၀	၂၂	၃	၂	၂	၁၃	၁၀		၂	၅	၁	၈	၁၀					
၁၀။	တက်ဖိုဒ်	၁၅	၆	၄	၅	၁၇	၁၆	၂၂	၄	၂	၁	၁၁	၆		၂	၂	၄	၆	၁၀					
၁၁။	စတုတ်စီးတီး	၁၅	၆	၄	၅	၁၃	၁၆	၂၂	၃	၂	၂	၁၀	၈		၃	၂	၃	၃	၈					
၁၂။	ဆောက်သမ်တန်	၁၅	၅	၆	၄	၂၁	၁၈	၂၁	၃	၂	၂	၁၃	၁၀		၂	၄	၂	၈	၈					
၁၃။	တက်ဗ်ဘာရွန်း	၁၅	၅	၄	၆	၁၆	၁၉	၁၉	၂	၂	၃	၁၀	၁၂		၃	၂	၃	၆	၇					
၁၄။	ချဲလ်ဆီး	၁၅	၄	၃	၄	၁၃	၁၆	၁၅	၂	၂	၃	၁၀	၁၂		၂	၁	၁	၃	၄					
၁၅။	ဆွမ်ဆီး	၁၅	၃	၅	၇	၁၄	၂၂	၁၄	၂	၂	၃	၁၀	၁၂		၁	၃	၄	၄	၁၀					
၁၆။	နော်ဝစ်ခ်	၁၅	၃	၄	၈	၁၂	၂၆	၁၃	၂	၂	၃	၁၀	၁၂		၁	၂	၅	၂	၁၄					
၁၇။	ဘုန်းပေးက်	၁၅	၃	၄	၈	၁၈	၃၀	၁၃	၂	၂	၃	၁၀	၁၂		၁	၂	၅	၈	၁၈					
၁၈။	နယူးကာဆယ်	၁၅	၃	၄	၈	၁၆	၂၈	၁၃	၂	၂	၃	၁၀	၁၂		၁	၂	၅	၆	၁၆					
၁၉။	ဆန်းဒါးလန်း	၁၅	၂	၄	၉	၁၀	၂၇	၁၀	၂	၂	၃	၁၀	၁၂		၀	၂	၆	၀	၁၅					
၂၀။	ဗီလာ	၁၅	၁	၃	၁၁	၁၃	၂၈	၆	၂	၂	၃	၁၀	၁၂		၀	၁	၈	၃	၁၆					

ပွဲစဉ်-၁၅အပြီး ပရီမီးယားလိဂ် အောင်/မှုံးနှုန်း ဂိုးအနေအထား

အဆင့်	အသင်း	ပွဲ	အောင်	သရေ	မှုံး	ဂိုးဟတ်ထရစ်	အမှတ်%	ဂိုးမှုန်းအောက်ရိုးမှုန်းအထက်	
၁။	လက်စတာ	၁၅	၁၂	၂	၁	၁၁	၈၀	၄	၁၁
၂။	အဲဗာတန်	၁၅	၉	၂	၄	၅	၆၀	၆	၉
၃။	တက်ဗ်ဘာရွန်း	၁၅	၉	၁	၅	၄	၆၀	၁၀	၅
၄။	ပဲလ့စ်	၁၅	၉	၀	၆	၃	၆၀	၈	၇
၅။	စတုတ်စီးတီး	၁၅	၉	၁	၅	၄	၆၀	၁၂	၃
၆။	တက်ဗ်ိုဒ်	၁၅	၈	၂	၅	၃	၅၃.၃၃	၉	၆
၇။	နော်ဝစ်ခ်	၁၅	၈	၀	၇	၁	၅၃.၃၃	၇	၈
၈။	စပါး	၁၅	၇	၄	၄	၃	၄၆.၆၇	၉	၆
၉။	တက်ဗ်ဟမ်း	၁၅	၇	၀	၈	-၁	၄၆.၆၇	၆	၉
၁၀။	အာဆင်နယ်	၁၅	၇	၁	၇	၀	၄၆.၆၇	၇	၈
၁၁။	မန်ယူ	၁၅	၇	၂	၆	၁	၄၆.၆၇	၈	၇
၁၂။	မန်စီးတီး	၁၅	၇	၂	၆	၁	၄၆.၆၇	၆	၉
၁၃။	ဆောက်သမ်တန်	၁၅	၆	၂	၇	-၁	၄၀	၇	၈
၁၄။	ဆန်းဒါးလန်း	၁၅	၆	၀	၉	-၃	၄၀	၇	၈
၁၅။	နယူးကာဆယ်	၁၅	၅	၂	၈	-၃	၃၃.၃၃	၇	၈
၁၆။	လီတူး	၁၅	၅	၂	၈	-၂	၃၃.၃၃	၉	၆
၁၇။	ဆွမ်ဆီး	၁၅	၅	၁	၉	-၄	၃၃.၃၃	၇	၈
၁၈။	ဘုန်းပေးက်	၁၅	၄	၂	၉	-၅	၂၆.၆၇	၈	၇
၁၉။	ဗီလာ	၁၅	၃	၁	၁၁	-၈	၂၀	၇	၈
၂၀။	ချဲလ်ဆီး	၁၅	၂	၂	၁၁	-၉	၁၃.၃၃	၆	၉

လာမည့်ပွဲစဉ်-၁၇

၁၉/၂၀/၂၂-၁၂-၁၅		
တက်ဗ်ဘာရွန်း	-	ဘုန်းပေးက်
စတုတ်	-	ပဲလ့စ်
အဲဗာတန်	-	လက်စတာ
မန်ယူ	-	နော်ဝစ်ခ်
ချဲလ်ဆီး	-	ဆန်းဒါးလန်း
ဆောက်သမ်တန်	-	စပါး
နယူးကာဆယ်	-	ဗီလာ
တက်ဖိုဒ်	-	လီတူး
ဆွမ်ဆီး	-	တက်ဗ်ဟမ်း
အာဆင်နယ်	-	မန်စီးတီး

ပွဲစဉ်-၁၅ရလဒ်

၅/၆/၀-၁၂-၁၅		
စတုတ် ၂-၀	မန်စီးတီး	
ဆောက်သမ်တန် ၁-၁	ဗီလာ	
ဆွမ်ဆီး ၀-၃	လက်စတာ	
တက်ဖိုဒ် ၂-၀	နော်ဝစ်ခ်	
အာဆင်နယ် ၃-၁	ဆန်းဒါးလန်း	
တက်ဗ်ဘာရွန်း ၁-၁	စပါး	
မန်ယူ ၀-၀	တက်ဗ်ဟမ်း	
ချဲလ်ဆီး ၀-၁	ဘုန်းပေးက်	
နယူးကာဆယ် ၂-၀	လီတူး	
အဲဗာတန် ၁-၁	ပဲလ့စ်	

ယခုရာသီပွဲစဉ်-၁၅အပြီး အနှစ်ချုပ်အချက်အလက်များ

စုစုပေါင်းပွဲ	-	၁၅၀ ပွဲ
စုစုပေါင်းသွင်းဂိုး	-	၄၀၂ ဂိုး
ပျမ်းမျှသွင်းဂိုး	-	၂.၆၈ ဂိုး
အိမ်ကွင်းနိုင်	-	၅၆ ပွဲ (၃၇%)
အဝေးကွင်းနိုင်	-	၅၁ ပွဲ (၃၄%)
သရေ	-	၄၃ ပွဲ (၂၉%)
ဂိုးအောက်ပွဲ	-	၇၅ ပွဲ (၅၀%)
ဂိုးနှုန်းအထက်ပွဲ	-	၇၅ ပွဲ (၅၀%)

EURO SPORTS JOURNAL

စီအီးအို
ရဲပင်းအောင်

အယ်ဒီတာချုပ်
ဝေယံမြင့်သန်း

တာဝန်ခံအယ်ဒီတာ
မျိုးအောင်

အယ်ဒီတာ(သတင်း)
ဟန်ပြီးအောင်

လက်ထောက်သတင်းအယ်ဒီတာ
ညီလွင်

ပြည်တွင်းသတင်းအယ်ဒီတာ
ဘုန်းမြင့်မော်

မျက်နှာဖုံးဒီဇိုင်း
နေလင်းဦး

အတွင်းဒီဇိုင်း
စိုးပင်းသော်၊ ဝေလင်းထွဋ်၊ သန့်ဇင်အောင်

စာစီစာရိုက်
မျိုးပင်း

ထုတ်ဝေသူ
ဒေါ်ကြူကြူလွေး(၀၀၉၀၂၂)

ပုံနှိပ်သူ
ဦးတိုးဝင်း(မြဲ-၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊

အမှတ်(၉၃)၊ ၁၁လမ်း(အထက်)၊
လမ်းမတော်၊ ရန်ကုန်။

ရုံးချိန်းတွေ့နေရာ
အမှတ် (၉၆)၊ တတိယထပ်၊
၁၁လမ်း(အထက်)၊ လမ်းမတော်၊ ရန်ကုန်။

ကြော်ငြာဌာန
၀၉-၇၃၂၄၇၈၈၊
၀၁-၂၀၀၇၃

မန်ယူမှာ ပြီးခဲ့သောရာသီကထက် ပိုမိုတိုးတက်လာခဲ့ဟု မန်ဂါးလ် ဝံ့ကြွားခဲ့

မန်ချက်စတား၊ ဒီဇင်ဘာ ၁၀

မန်ယူအသင်းနည်းပြ မန်ဂါးလ်က မန်ယူအသင်းမှာ ယခုရာသီတွင် ပြီးခဲ့သောရာသီကထက် ပိုမိုတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းမှာ ယခုရာသီတွင် ချန်ပီယံလိဂ် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းကြောင့် ဥရောပမှများခံခဲ့ရသော်လည်း မန်ဂါးလ်ကမူ ဒီဝိတို့အနေဖြင့် ယခုရာသီတွင် ပိုမိုတိုးတက်လာခဲ့ကြောင်း။ ထို့အတွက်ကြောင့် ယခုရာသီမှာ အပေါင်းလက္ခဏာဆောင်သော ရာသီတစ်ခုလည်း ဖြစ်ကြောင်း ဆိုခဲ့သည်။

မန်ဂါးလ်က ''အခုချိန်မှာတော့ ချန်ပီယံလိဂ်ကနေ ထွက်ခွာခဲ့ရပြီဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေလို့မရတော့ပါဘူး။ ဒါပေမဲ့ အချက်အလက်တွေအရတော့ ပြီးခဲ့တဲ့ရာသီကထက် ပိုမိုတိုးတက်လာတယ်ဆိုတာပြနေပါတယ်။ ကျွန်တော်တို့ဟာ ကက်ပီတယ်ဝမ်းပြိုင်ပွဲမှာ ပို ကောင်းတဲ့အဆင့်ကို ရောက်ခဲ့သလို ချန်ပီယံလိဂ်ကစားခွင့်လည်းရရှိခဲ့ပါတယ်။ ပရီးမီးယားလိဂ်ကိုကြည့်လိုက်မယ်ဆိုရင်လည်း အခုချိန်အထိ လက်ခံနိုင်လောက်တဲ့အဆင့်မှာရပ်တည်နေတယ်ဆိုတာ တွေ့ရမှာပါ။ လက်ရှိမှာ ကျွန်တော်တို့အနေနဲ့ ချန်ပီယံလိဂ်ကနေ ထွက်ခွာခဲ့ရတာကြောင့် စိတ်ပျက်စရာရလဒ်တစ်ခုဖြစ်ခဲ့ပေမယ့် အားလုံးခြုံကြည့်ရင် ဒီရာသီမှာတိုးတက်ခဲ့တယ်လို့ ဆိုရမှာပါ''ဟု ဆိုခဲ့သည်။

ပုဂ္ဂိုလ်ရေးပြဿနာများကြောင့် ရာသီအစတွင် မိမိရုန်းကန်ခဲ့ရကြောင်း စီရော်နယ်ဒို ဖွင့်ဟ

ရီးရဲလ်ကိုလှောင်ပြောင်ခဲ့သည့် ပီကေးအား အာဘီလိုအာ ပြန်လည်တုံ့ပြန်

မက်ဒရစ်၊ ဒီဇင်ဘာ ၁၀

ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး စီရော်နယ်ဒိုက မိမိအနေဖြင့် ရာသီအစတွင် လူမှုရေးပြဿနာများရှိခဲ့ခြင်းကြောင့် ခြေစွမ်းပိုင်းဃိမ်းယိုင်ခဲ့ရကြောင်း ဆိုခဲ့သည်။

စီရော်နယ်ဒိုမှာ ရာသီအစတွင် ခြေစွမ်းပိုင်းကျဆင်းခဲ့သောကြောင့် ဖိအားများအောက် ရောက်ရှိခဲ့ရပြီး ဝေဖန်မှုများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။ သို့ရာတွင် လက်ရှိအချိန်၌ စီရော်နယ်ဒိုမှာ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာခဲ့ပြီး ဃယ်လ်ဗိုနှင့် ကစားခဲ့သည့်ပွဲတွင်လည်း ခြေစွမ်းပြကစားသွားနိုင်ခဲ့သည်။ ထို့အတွက် စီရော်နယ်ဒိုမှာ ပရိသတ်များ၏ယုံကြည်မှုကို ပြန်လည်ရရှိလာခဲ့ပြီဖြစ်ပြီး စီရော်နယ်ဒိုကလည်း လက်ရှိအနေအထားကို ဝမ်းသာမိကြောင်းလည်း ဆိုသွားခဲ့သည်။

စီရော်နယ်ဒိုမှာ ရာသီအစတွင် ခြေစွမ်းပိုင်းကျဆင်းခဲ့ခြင်းကြောင့် ၎င်းနှင့်ပတ်သက်သည့် ဝေဖန်မှုအမျိုးမျိုး ထွက်ပေါ်လာခဲ့ပြီး စီရော်နယ်ဒိုမှာ နည်းပြဘင်နီတက်ဗ်နှင့် မကျေလည်မှုများရှိနေခဲ့သည့်ဆိုသော ဝေဖန်မှုများလည်း ထွက်ပေါ်ခဲ့သည်။ သို့ရာတွင် စီရော်နယ်ဒိုက မိမိအနေဖြင့် ခြေစွမ်းပိုင်းကျဆင်းလာခဲ့ခြင်းမှာ ရာသီအစတွင် လူမှုရေးပြဿနာများရှိခဲ့ခြင်းကြောင့်ဟု ဆိုခဲ့သည်။

စီရော်နယ်ဒိုက ''ကျွန်တော်ဟာ ရာသီအစမှာ စွမ်းဆောင်ရည်တွေ ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်လုပ်စရာရှိတာကို အကောင်းဆုံးလုပ်ဆောင်ပြီး ရွေ့ဆက်နိုင်ခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ပျော်ရွှင်တဲ့အနေအထားကို ပြန်လည်ရရှိနေခဲ့ပါပြီ။ ဒါပေမဲ့ ရာသီအစတုန်းက လူမှုရေးပြဿနာလေးတွေရှိခဲ့တာကြောင့် ကျွန်တော့်အနေနဲ့ ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပါတယ်''ဟု ဆိုသွားခဲ့သည်။

အခြားတစ်ဖက်တွင် စပိန်ဘုရင်ဖလားမှ ရီးရဲလ်မက်ဒရစ်ထွက်ခဲ့ရခြင်းကို ဘာစီလိုနာနောက်ခံလူပီကေးမှ ဝေဖန်ခဲ့ခြင်းအား နောက်ခံလူ အာဘီလိုအာက တုံ့ပြန်ခဲ့ပြီး ဘာစီလိုနာအနေဖြင့် နောက်ဆုံး ၁၀ နှစ်အတွင်း ရီးရဲလ်ကိုမယုံနိုင်ခဲ့ကြောင်း ဆိုခဲ့သည်။

ပြီးပြည့်စုံသောအဆင့်သို့ ပေါ်ဂ်ဘာမရောက်သေးဟု ဒဲလ်ပီယာရို ဆို

တူရင်၊ ဒီဇင်ဘာ ၁၀

ဂျူဗင်တပ်အသင်းကစားသမား ဟောင်း အဲလ်ပီယာရိုက ပေါ်ဂ်ဘာမှာ ကစားသမားကောင်းတစ်ဦးဖြစ်သော်လည်း လက်ရှိအချိန်အထိ ပြီးပြည့်စုံသောအဆင့်သို့ မရောက်သေးကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ဒဲလ်ပီယာရိုက ''ဂျူဗင်တပ်ရဲ့ နံပါတ် ၁၀ ဝတ်ကစားသမားကို ပုံဖော်ကြည့်ရင် ပြီးပြည့်စုံတဲ့ ကစားသမားလို့ပဲမြင်မိပါတယ်။ ဒါပေမဲ့ ပေါ်ဂ်ဘာကတော့ အဲဒီအချိန်အထိ အဲဒီအနေအထားမရောက်သေးပါဘူး။ ခြေစွမ်းကောင်းဖို့ အချိန်လိုပါသေးတယ်''ဟု ဆိုခဲ့သည်။

ချဲလ်ဆီးတွင်ဦးဆောင်သူ ကင်းမဲ့နေကြောင်း ဝိန်းဘရစ်ချ် ဝေဖန်

လန်ဒန်၊ ဒီဇင်ဘာ ၁၀

ချဲလ်ဆီးအသင်းကစားသမားဟောင်း ဝိန်းဘရစ်ချ်က လက်ရှိချဲလ်ဆီးအသင်းတွင် ဦးဆောင်သူကင်းမဲ့နေကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ချဲလ်ဆီးအသင်းမှာ ယခုရာသီတွင် ကစားပုံဆိုးရွားနေခဲ့ပြီး ပရီးမီးယားလိဂ်တွင်လည်း တန်ဆင်းဇုန်အထက် ၂ မှတ်အကွာသို့ ရောက်ရှိနေခဲ့သည်။ ဝိန်းဘရစ်ချ်က ''ကျွန်တော်ချဲလ်ဆီးမှာရှိတုန်းက ခေါင်းဆောင်ကောင်းတွေအများကြီးပါ။ အခုချိန်မှာတော့ ခေါင်းဆောင်ကောင်းတွေ မရှိတော့ပါဘူး''ဟု ပြောကြားသွားခဲ့သည်။

News in Brief

- အာဆင်နယ်အသင်းမှာ ကွင်းလယ်ပိုင်းနေရာအား အင်အားဖြည့်တင်းရန် စီစဉ်ထားပြီး ဇန်နဝါရီတွင် ကစားသမားတစ်ဦးခေါ်ယူသွားရန် ရှိနေကြောင်း သိရသည်။
- လီဗာပူးအသင်းမှာ လူငယ်ကစားသမားနှစ်ဦးဖြစ်သော ရန်ဒေါ်လ်နှင့် ဖူလ်တန်တို့အား ၂၀၁၉ ခုနှစ်အထိ သက်တမ်းရှိမည့် စာချုပ်သစ်များ ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား ဟာရီအာတာက မိမိအနေဖြင့် လက်ရှိခြေစွမ်းထက်ပိုမိုကောင်းမွန်အောင် စွမ်းဆောင်နိုင်စွမ်းရှိကြောင်း ကြုံးပါးခဲ့သည်။
- ဘာစီလိုနာအသင်းတိုက်စစ်မှူး နေမာမှာ လက်ရှိအချိန်တွင် ဒဏ်ရာအနည်းငယ်ရရှိနေခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်း ပါဝင်ယှဉ်ပြိုင်မည့် ကလပ်ကမ္ဘာဖလားပြိုင်ပွဲအား လွဲချော်ရန် စိုးရိမ်နေရသည့် အနေအထားသို့ ရောက်ရှိနေကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းမှာ ဆီဗီလာကိုအရေးနိမ့်ခဲ့သော်လည်း အသင်းသားများ၏ စွမ်းဆောင်ရည်ကို ကျေနပ်ကြောင်း နည်းပြအလီဂရီက ဆိုခဲ့သည်။
- ဗလင်စီယာအသင်းနည်းပြသစ် ဂယ်ရီနဗီးလ်က မိမိအနေဖြင့် အသင်းသစ်တွင် နွေးထွေးသောကြိုဆိုမှုကို ရရှိခဲ့၍ ကျေနပ်မိကြောင်း ဆိုသွားခဲ့သည်။

မာရှယ်အပေါ် အဓိကမမှီခိုရန် ပေါ်လ်စခိုး သတိပေးခဲ့

မန်ချက်စတား၊ ဒီဇင်ဘာ ၁၀

မန်ယူအသင်း ကွင်းလယ်ကစားသမားဟောင်း ပေါ်လ်စခိုးက မန်ယူအသင်းအနေဖြင့် အသက် ၂၀ အရွယ်ရှိ လူငယ်တိုက်စစ်မှူး မာရှယ်အပေါ် အဓိကမှီခိုခြင်း မပြုသင့်ကြောင်း ဆိုသွားခဲ့သည်။ မာရှယ်မှာ ယခုရာသီတွင် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်း၏တိုက်စစ်တွင် ခြေစွမ်းပြနေခဲ့သည်။ ၎င်းမှာ အလားအလာရှိသူဖြစ်သော်လည်း အသက်အရွယ်ငယ်သေးသောကြောင့် ဖိအားပေးပါက ခြေစွမ်းပိုင်းထိခိုက်သွားမည်ကို ပေါ်လ်စခိုးက စိုးရိမ်နေခြင်းဖြစ်သည်။ မာရှယ်မှာ ဝုဖ်ဘတ်နှင့်ကစားခဲ့သည့်ပွဲတွင် မန်ယူအတွက် ဦးဆောင်ဂိုးကို သွင်းပေးနိုင်ခဲ့သည်။

ပီအက်စ်ဂျီနှင့်တွေ့ဆုံရန် ဂျိုးဟတ် မျှော်လင့်နေ

မန်ချက်စတား၊ ဒီဇင်ဘာ ၁၀

မန်စီးတီးအသင်း ဂိုးသမား ဂျိုးဟတ်က ချန်ပီယံလိဂ်မဲခွဲရာတွင် ပီအက်စ်ဂျီအသင်းနှင့် တွေ့ဆုံပါက အဲ့အားသင့်မည်မဟုတ်ကြောင်း၊ ပီအက်စ်ဂျီနှင့်ကစားလိုကြောင်း၊ ပီအက်စ်ဂျီကို ချန်ပီယံလိဂ်မှ ထွက်ခွာရန် စွမ်းဆောင်သွားနိုင်လိမ့်မည်ဖြစ်ကြောင်း ဆိုသွားခဲ့သည်။ မန်စီးတီးအသင်းမှာ ချန်ပီယံလိဂ်တွင် အုပ်စုပထမနေရာရရှိခဲ့သောကြောင့် အုပ်စုဒုတိယရအသင်းများနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါအသင်းများထဲတွင် ပီအက်စ်ဂျီမှာ အဓိကအသင်းတစ်သင်းဖြစ်နေခဲ့သည်။ သို့ရာတွင် ဂျိုးဟတ်က ပီအက်စ်ဂျီကိုကြောက်ရွံ့ခြင်းမရှိကြောင်း ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

ဥရောပလူငယ်ချန်ပီယံလိဂ် ပြိုင်ပွဲမှလည်း မန်ယူထွက်ခဲ့ရ

မန်ချက်စတား၊ ဒီဇင်ဘာ ၁၀

မန်ယူအသင်းမှာ ချန်ပီယံလိဂ်တွင် ဝုဖ်ဘတ်အသင်းအား အဝေးကွင်း၌ အရေးနိမ့်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် ယူအီးအက်ဖ်အေလူငယ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း မန်ယူလူငယ်အသင်းမှာ အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသည်။ မန်ယူလူငယ်အသင်းမှာ ဝုဖ်ဘတ်လူငယ်အသင်းအား အဝေးကွင်းတွင် ၂ ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း နောက်တစ်ဆင့်သို့တက်ရောက်ရန် စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိပေ။ အဆိုပါအုပ်စုမှ ပီအက်စ်ဂျီအသင်းနှင့် CSKA မော်စကိုအသင်းတို့မှာ နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်ခဲ့ကြောင်း သိရသည်။

မဲခွဲပွဲတွင် အသင်းကြီးများကို ရှောင်နိုင်ရန် ချီရယ်လီနီမျှော်လင့်

တူရင်၊ ဒီဇင်ဘာ ၁၀

ဂျူဗင်တပ်အသင်းနောက်ခံလူ ချီရယ်လီနီက မိမိတို့အသင်းမှာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းကြောင့် ဝမ်းမြောက်မိသော်လည်း မဲခွဲပွဲ၌ အသင်းကြီးများအား ရှောင်လွှဲနိုင်ရန် မျှော်လင့်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျူဗင်တပ်အသင်းမှာ နောက်တစ်ဆင့်သို့တက်ရောက်ခဲ့သော်လည်း အုပ်စုဒုတိယနှင့်သာ တက်ရောက်နိုင်ခဲ့သောကြောင့် အခြားအုပ်စုမှ အုပ်စုပထမရအသင်းများနှင့် တွေ့ဆုံရမည်ဖြစ်သည်။ အဆိုပါအသင်းများထဲတွင် ထိပ်တန်းအသင်းများ ပါဝင်နေသောကြောင့် အသင်းကြီးများအား ရှောင်နိုင်ရန် ၎င်းကမျှော်လင့်နေခြင်းဖြစ်သည်။

ခြေစွမ်းကောင်းပြန်မရသည်ကို နားမလည်နိုင်ဟု ဘေးလ်ဆို

မက်ဒရစ်၊ ဒီဇင်ဘာ ၁၀

ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဂါရတ်ဘေးလ်က မိမိအနေဖြင့် စပါးအသင်းတွင် ပြဿခဲ့သည့် ထိပ်တန်းအဆင့်ခြေစွမ်းမျိုးအား ရီးရဲလ်မက်ဒရစ်အသင်း၌ ပြန်မရသည်ကို နားမလည်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဂါရတ်ဘေးလ်မှာ စပါးတွင် ကမ္ဘာ့အဆင့်ခြေစွမ်းမျိုးကို ပိုင်ဆိုင်ခဲ့သော်လည်း ရီးရဲလ်တွင်မူ အဆိုပါခြေစွမ်းများ ပျောက်ဆုံးနေခဲ့သည်။ ဘေးလ်က ''စပါးမှာကစားတဲ့ခြေစွမ်းမျိုး ဘာလို့ပြန်မရလဲဆိုတာ နားမလည်နိုင်ပါဘူး။ ကစားပုံကွာခြားတာက အကြောင်းအရင်းတစ်ရပ်ဖြစ်မှာပါ။ အရင်လိုပြန်ဖြစ်အောင် ကြိုးစားနေပါတယ်''ဟု ဆိုခဲ့သည်။

တစ်ပတ်တစ်ပွဲ အပိုင်ဆွဲ

အားလုံးက ချဲလ်ဆီးအသင်းကိုရွေးထားတဲ့အချိန်မှာ ဘုန်းမောက်ကို စွန့်စားလိုက်တာ မှန်ကန်သွားခဲ့ပါတယ်။ တကယ်တော့ ဘုန်းမောက်လိုတန်းတက်အသင်းတစ်သင်းကို ချဲလ်ဆီး အိမ်ကွင်းလည်းဖြစ်တဲ့အတွက် အနိုင်ရနိုင်ခြေရှိပေမယ့် စွေးစကားနဲ့ပြောရရင် ၁ဂိုးအနိုင်နဲ့ ၂ဂိုးအနိုင်အကြားမှာ ဘွတ်ကီတွေက ပါးပါးလေးကစားသွားခဲ့တာပါ။

ဆဲလ်တာဗီဂို Vs အက်စ်ပန်ညို

ကစားမည့်နေ့ - ၁၂-၁၂-၂၀၁၅ (စနေ)

ကစားမည့်အချိန် - ည ၁၁:၄၅ နာရီ

❑ ဆဲလ်တာဗီဂိုက ၁၀လုံး သွင်းလျှင် မြန်နှာမည်။

❑ ဂိုးပေါင်းမှာ ၃လုံး သွင်းလျှင် ၅၀ နိုင်မည်။

လာလိဂ်၌ ထိပ်တိုက်တွေ့ဆုံခဲ့သည့်ပွဲတ်တမ်း

ဆဲလ်တာဗီဂိုအိမ်ကွင်း လာလိဂ်၌ တွေ့ဆုံခဲ့သည့်ပွဲတ်တမ်း

ဒီတစ်ပတ်မှာတော့ စပိန်လာလီဂါဘက်ကို မြားဦးလှည့်ထားပါတယ်။ ပဓိုးမီးယားလိဂ်မှာ ရွေးချယ်စရာပွဲကောင်းတွေရှိပေမယ့် လာလီဂါဘက်က ဆဲလ်တာဗီဂိုနဲ့ အက်စ်ပန်ညို့ပွဲအနေအထားက ပိုလှနေပါတယ်။ ဆဲလ်တာဗီဂိုဟာ ဒီရာသီမှာ ခြေတက်နေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဒါကြောင့်လည်း လက်ရှိမှာ အဆင့်-၄နေရာ ရပ်တည်နေတာပါ။ ဒါပေမဲ့ ပွဲစဉ်-၁၀ နောက်ပိုင်းကစပြီး ဆဲလ်တာဗီဂိုရဲ့ခြေစွမ်းက ယိုင်ဆင်းလာတယ်။ ရာသီအစပိုင်းတုန်းက ဘာစီလိုနာကို အိမ်ကွင်းမှာအနိုင်ယူခဲ့တဲ့ ဆဲလ်တာဗီဂိုဟာ ပွဲစဉ်-၁၁မှာ ဗလင်စီယာကို အိမ်ကွင်းမှာပဲ ၅-၁နဲ့ ရှုံးခဲ့သလို နောက်တစ်ပွဲဖြစ်တဲ့ ပွဲစဉ်-၁၂မှာ ဒီပို့တီဝိုကို ၂-၀နဲ့အဝေးကွင်းမှာရှုံးခဲ့ပါတယ်။ ၂ပွဲဆက်တိုက် Back to Back ရှုံးခဲ့တဲ့ ဆဲလ်တာဗီဂိုဟာ ပွဲစဉ်-၁၃ ဂီဂျွန်နဲ့ပွဲမှာ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဖိုက်တာအကြိုက်ဖြစ်ခဲ့တယ်။ စွေးကွက်မှာ ၁-၀၀အထိ စွေးပြင်းခဲ့တဲ့ ဆဲလ်တာဗီဂိုဟာ အနိုင်ရသွားခဲ့ပေမယ့်ငွေမနိုင်ခဲ့ပါဘူး။ ၂-၁ ရလဒ်ကြောင့် ၀၀အရှုံးအနေအထားမှာ ငွေကြေးရှုံးခဲ့ပါတယ်။ အခု အက်စ်ပန်ညို့နဲ့ပွဲမှာလည်း ဆဲလ်တာဗီဂိုရဲ့ပေါက်စွေးက ၁-၁၀ဖြစ်နေတယ်။ ဒါဟာ ပုဒ္ဓဟူးနေ့အထိ စွေးဖြစ်တာကြောင့် ပွဲကစားမယ့်စနေနေ့မှာ စွေးအပြောင်းအလဲထပ်ဖြစ်နိုင်တာကိုတော့ တွက်ထားရမှာပါ။

အက်စ်ပန်ညို့ဟာ လက်ရှိခြေစွမ်းအရတော့ မဆိုးပါဘူး။ အထူးသဖြင့် ခံစစ်ကစားပုံကောင်းမွန်တဲ့အက်စ်ပန်ညို့ဟာ နောက်ဆုံးကစားသွားတဲ့အဝေးကွင်း ၂ပွဲမှာ ဘီလ်ဘာအိုနဲ့ကစားရဖို့ရှိပြီး ဘော်ဒီ ၁+၃၀၊ ဂိုးပေါင်း ၂-၅၀ စွေးဖွင့်ထားပါတယ်။ အက်သလက်တီကိုရဲ့အိမ်ကွင်းခံစစ်ကို ဘီလ်ဘာအိုကျော်ဖြတ်ဂိုးသွင်းဖို့မလွယ်တာကြောင့် ဂိုးအောက်တစ်ကွက်ကတော့ စိတ်ဝင်စားစရာပါပဲ။

ဘာဂိုနဲ့ အက်သလက်တီကို့ကို ရှုံးထားပါတယ်။ ဒါပေမဲ့ အဲဒီ ၂ပွဲစလုံးမှာ ရလဒ်ပိုင်းအရ ၂-၁နဲ့ ၁-၀တွေပဲဖြစ်တာကြောင့် အက်စ်ပန်ညို့ ကြေးအောင်ခဲ့တယ်။ တစ်နည်းအားဖြင့် အိမ်ရှင်တွေက ၁- ပြားစွန်းအရှုံးတွေ ပေါက်စွေးဖြစ်နေတာကြောင့် အက်စ်ပန်ညို့ဟာ ဘောရှုံးပေမယ့် ငွေနိုင်ဖြစ်ခဲ့ပါတယ်။ ဆဲလ်တာဗီဂိုလို အိမ်ကွင်းမှာ ဘာစီလိုနာကိုတောင် အနိုင်ရခဲ့တဲ့အသင်းဟာ အက်စ်ပန်ညို့လို အဝေးကွင်းမှာအဆိပ်မရှိတဲ့အသင်းကို ဒီလောက်စွေး ခပ်ပါးပါးပဲပေးထားရတာဟာ ချီးကျူးစရာနေပါတယ်။ နောက်ဆုံးကစားသွားတဲ့ပွဲမှာ ၂သင်းစလုံးက သရေပွဲကိုယ်စီနဲ့ကြိုးထားခဲ့ရတယ်။ ဒါကြောင့်လက်ရှိခြေစွမ်းပိုင်းမှာ ၂သင်းစလုံး မတိမ်းမယိမ်းအနေအထားဖြစ်တယ်ဆိုပြီး သုံးသပ်နိုင်ပါတယ်။

ဂိုးပေါင်းစွေးအနေအထားမှာကြည့်လိုက်ရင် အနည်းငယ်များနေပါတယ်။ ၃+၅၀စွေးဖြစ်နေတဲ့အနေအထားက အလယ်အလတ်အသင်း ၂သင်းတွေ့တဲ့ပွဲမှာ အနည်းငယ်တော့ပြင်းပါတယ်။ တစ်ခုသတိထားမိတာက လာလီဂါမှာ ဘော်ဒီစွေး ၁-၁၀ကနေ ၁-၃၀၊ ၁+၁၀ကနေ ၁+၃၀ အတွင်းစွေးနှုန်းတွေမှာ အိမ်ရှင်တွေအပေါ်ကြေးအောင်ရင်လည်း ပြားစွန်းပဲဖြစ်ပြီး အောက်ဆွဲတာတွေများနေတယ်။ ဒီအနေအထားတွေကြောင့် ဒီတစ်ပတ် ဆဲလ်တာဗီဂိုပွဲမှာ အိမ်ရှင်မအောင်နိုင်ဘူးလို့ ယူဆရတာပါ။ ခြေစွမ်းချင်းကလည်း သိပ်မကွာတဲ့အတွက် ဂိုးပြတ်မရှုံးနိုင်တဲ့အက်စ်ပန်ညို့ကိုပဲရွေးချင်တယ်။

ဘာဂိုရိုနှင့်အက်စ်ပန်ညို့အသင်း၏တွေ့ဆုံမှု

ပွဲ	နိုင်	သရေ	ရှုံး
၂	၁	၀	၁

ဘာဂိုရိုနှင့်ဆာဂျိုယိုး၏တွေ့ဆုံမှု

ပွဲ	နိုင်	သရေ	ရှုံး
၂	၁	၀	၁

ဆာဂျိုယိုးနှင့်ဆဲလ်တာဗီဂိုအသင်း၏တွေ့ဆုံမှု

ပွဲ	နိုင်	သရေ	ရှုံး
၂	၁	၀	၁

ဆာဂျိုယိုးနှင့်ဘာဂိုရိုး၏တွေ့ဆုံမှု

ပွဲ	နိုင်	သရေ	ရှုံး
၂	၁	၀	၁

Brain Game

ဦးနှောက်ဖြင့် ကစားသောပွဲများ

ပြီးခဲ့တဲ့အပတ်ကတော့ ဦးနှောက်စားရက္ခိုးနပ်ခဲ့ပါတယ်။ စဉ်းစားခဲ့တဲ့ဥပွဲစလုံး အခြေအနေကောင်းခဲ့တဲ့အတွက် ကျေနပ်စရာပါ။ စနေ၊ တနင်္ဂနွေမှာ ဂလက်ဘတ်နဲ့အင်တာဂိုးအောက် အခြေအနေကောင်းခဲ့ပြီး တနင်္လာနေ့ည ကစားသွားတဲ့ လီဗာပူးကလည်း အက်စ်ပန်ညို့ကွင်းမှာ တာဝန်ကျေခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း ယူရိုပါလိဂ်နဲ့ ချန်ပီယံလိဂ်ပွဲတွေကြောင့် သေချာဦးနှောက်ထပ်စားရမယ်။

ပွဲစဉ်တွေအများကြီးရှိတဲ့အနေအထားမှာ ဖိုက်တာတွေရော ဘွတ်ကီတွေရော စိတ်ဝင်စားတာက ပဓိုးမီးယားလိဂ်ပါ။ ဒီတစ်ပတ်ပဓိုးမီးယားလိဂ်မှာ အသင်းကြီးအချင်းချင်းထိပ်တိုက်တွေ့တဲ့ပွဲတွေမရှိပါဘူး။ ပြီးခဲ့တဲ့အပတ်က စတုတ်ကွင်းမှာ ၂ဂိုးပြတ်ရှုံးခဲ့တဲ့မန်စီးတီးရဲ့အနေအထားကိုလေ့လာကြည့်ရရင် စွေးကွက်မှာ ဆွမ်ဆီးကို ၂+၎၀ စွေးဖွင့်ထားတယ်။ မန်စီးတီးအိမ်ကွင်းအနေအထားနဲ့ ဒီစွေးဟာ ပုံမှန်လို့ပြောနိုင်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတာက အဆင့်-၂နေရာက အာဆင်နယ်နဲ့ အောက်ဆုံးက ဗီလာပွဲရဲ့ပေါက်စွေးပါပဲ။ ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်ဖို့အတွက် အိုလံပီယာကို့စ်နဲ့ အကြိတ်အနယ်ပွဲကျပ်ခဲ့ရတဲ့အာဆင်နယ်ဟာ ၁=ပဲ ပေးထားရတာပါ။ အာဆင်နယ်အနေနဲ့ကြည့်ရင် ဒီစွေးက ချီသာနေပါတယ်။ ခြေစွမ်းအတက်အကျပြင်းတဲ့ လီဗာပူးကလည်း ဝက်စ်ဘာရွန်းကို အိမ်ကွင်းမှာ ၁-၆၀စွေးပေးထားရပါတယ်။ ဒါပေမဲ့ ထူးခြားတာက ဂိုးပေါင်းစွေးပါ။ ဘော်ဒီစွေးက ၁-၆၀ဖြစ်ပေမယ့် ဂိုးပေါင်းမှာ ၂-ပဲဖြစ်နေတယ်။ လီဗာပူး ဂိုးအများကြီးရဖို့မလွယ်သလို ဝက်စ်ဘာရွန်းနောက်တန်းကလည်း ၂ဂိုးထက်ပိုမပေးရနိုင်တဲ့အနေအထားကို ဘွတ်ကီတွေက မှန်းထားပုံပါပဲ။

လာလီဂါမှာ ဗီလာရီးရဲလ်-ရီးရဲလ်ပွဲစဉ်က စိတ်ဝင်စားဖို့ကောင်းပါတယ်။ ချန်ပီယံလိဂ်မှာ မယ်လ်ဗိုကို ဂဂိုးသွင်းခဲ့တဲ့ ရီးရဲလ်ဟာ ဗီလာရီးရဲလ်ကွင်းမှာ ၁+၅၀ခဲ့ စွေးခပ်ပြင်းပြင်းပေးထားရတယ်။ အခုတလော လာလီဂါမှာ ဂိုးအောက်တွေ ဆက်တိုက်ဖြစ်နေလို့ အက်သလက်တီကိုဟာ အိမ်ကွင်းမှာ ဘီလ်ဘာအိုနဲ့ကစားရဖို့ရှိပြီး ဘော်ဒီ ၁+၃၀၊ ဂိုးပေါင်း ၂-၅၀ စွေးဖွင့်ထားပါတယ်။ အက်သလက်တီကိုရဲ့အိမ်ကွင်းခံစစ်ကို ဘီလ်ဘာအိုကျော်ဖြတ်ဂိုးသွင်းဖို့မလွယ်တာကြောင့် ဂိုးအောက်တစ်ကွက်ကတော့ စိတ်ဝင်စားစရာပါပဲ။

စီးရီးအေမှာ အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့တဲ့ပွဲတွေရှိနေပါတယ်။ နာပိုလီ-ရိုးမား။ ဂျူဗင်တပ်-ဖီအိုရင်တီးနားပွဲတွေရှိနေတဲ့အချိန်မှာ အေစီမီလန်က အိမ်ကွင်းမှာ ဗီရိုနာကို ၁-၆၅နဲ့ ဂိုးပြတ်အနိုင်ကန်မယ့် အနေအထားဖွင့်ထားတာပါ။ စိတ်ဝင်စားဖို့ကောင်းတာက ပါလာမိုဖြစ်ပြီး အဆင့်-၁၇နဲ့၁၈ကစားတဲ့ပွဲမှာ ပါလာမိုက အိမ်ကွင်းအားသာချက်တစ်ခုတည်းနဲ့ ၁+၅၀အထိ ပေးထားရတဲ့အနေအထားပါပဲ။ ဘွန်ဇက်စ်လီဂါမှာတော့ စိတ်ကြိုက်တွေ့တဲ့ပွဲတွေမရှိပါဘူး။

ဒီတစ်ပတ်အတွက် အကောင်းဆုံးအသင်းတွေကို ရွေးထုတ်ရမယ်ဆိုရင်တော့ စီးရီးအေမှာ ပါလာမိုကို သဘောကျပါတယ်။ ကျန်တဲ့၂သင်းကတော့ အက်သလက်တီကို(ဂိုးအောက်)နဲ့ မန်စီးတီးဆိုရင် အိုကေမှာပါ။

ဒီတစ်ပတ်အတွက် ရွေးချယ်မှု

၁၂/၁၃ - ၁၂ - ၂၀၁၅

■ မန်စီးတီး ■ ပါလာမို ■ အက်သလက်တီကို(ဂိုးအောက်)

လူးဝစ်ဗန်ဂါးလ်ကို ဆက်ယုံသင့် မယုံသင့်

ပြီးခဲ့တဲ့ အင်္ဂလန်ကတော့ မန်ယူပရီမီးယားလိဂ် တွေအတွက် တောက်တစ်ခေါက် ခေါက်ဖြစ်ခဲ့ရတဲ့ ညပါပဲ။ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကနေကြည့်မယ်ဆိုရင် မန်ယူအသင်းအနေနဲ့ ချန်ပီယံလိဂ်ဆိုတဲ့ ဥရောပအဆင့် ပြင့်တန်းပြိုင်ပွဲရဲ့ အုပ်စုအဆင့်ကနေ ထွက်ခွာခဲ့ရတယ်ဆိုတာ ၂ကြိမ်သာရှိခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့အင်္ဂါညမှာတော့ မန်ယူဟာ ဂျာမနီကလပ် ဝုဖ်ဘတ်ကို အနှုံးပေးခဲ့ရတာကြောင့် ၁၆သင်းအဆင့်တက်လှမ်းခွင့် ဆုံးရှုံးခဲ့ရပြီး စတုတ္ထအကြိမ်မြောက်အဖြစ် အုပ်စုအဆင့်ကနေ လှည့်ပြန်ခဲ့ရပါတယ်။

တကယ်ဆိုရင် မန်ယူအနေနဲ့ ဝုဖ်ဘတ်ကို အနိုင်ရခဲ့မယ်ဆိုရင် ၁၆သင်းအဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ပေမယ့် အနိုင်ရအောင် မကစားနိုင်ခဲ့တာကတော့ စိတ်ပျက်စရာဖြစ်ခဲ့ပါတယ်။ အဝေးကွင်းမှာ ဦးဆောင်ဂိုးကို မာရှယ်က စောစောစီးစီးသွင်းယူပေးခဲ့လို့ မန်ယူရဲ့ဂိုးမိုးခေါင်ပူပြဿနာ အဆုံးသတ်မှုနဲ့ အတူ နောက်တစ်ဆင့်တက်နိုင်တော့မယ်လို့ ထင်မှတ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ ၃-၂ ဆိုတဲ့ရလဒ်နဲ့အတူ အရေးနိမ့်သွားခဲ့ရတာဖြစ်ပါတယ်။ မန်ယူဟာ ၁၉၉၄-၉၅၊ ၂၀၀၅-၀၆နဲ့ ၂၀၁၁-၁၂ ဘောလုံးရာသီတွေမှာ အုပ်စုအဆင့်ကနေ လှည့်ပြန်ခဲ့ရဖူးပေမယ့် အခုရာသီကျရှုံးမှုက ပိုမိုရင်နာစရာဖြစ်ခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မန်ယူဟာ ဖာဂူဆန်ထွက်ခွာသွားပြီးနောက်ပိုင်းမှာ အခြားနည်းပြတွေထက် စာရင် မန်ဂါးလ်အပေါ် များစွာမျှော်လင့်ထားခဲ့ပြီး မန်ဂါးလ်ကိုလည်း သူ့လက် သူ့ခြေနဲ့ လုပ်ပိုင်ခွင့် အပြည့်အဝပေးထားခဲ့တာပါ။ အနီးစပ်ဆုံးအနေနဲ့ ငွေကြေးသုံးစွဲမှုကိုကြည့်မယ်ဆိုရင်ပဲ မန်ဂါးလ်ဟာ သူ့လက်ထက်မှာ ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၂၆၀ အထိ အသုံးပြုခဲ့ပြီး လိုချင်တဲ့ကစားသမားတိုင်းကို ခေါ်ယူခဲ့တာပါ။ မန်ယူတစ်ခေတ် ပြန်လည်ထူထောင်ဖို့အတွက် မန်ဂါးလ်အပေါ် အပြည့်အဝယုံကြည်ပြီး အသင်းပိုင်ရှင်တွေကလည်း ငွေကြေးသုံးစွဲမှုအပေါ် လက်မခွန့်ခဲ့ကြပါဘူး။ ဒါပေမဲ့ အခုလိုမျိုး ချန်ပီယံလိဂ် အုပ်စုအဆင့်ကနေ ထွက်ခွာခဲ့ရပြီးနောက်မှာတော့ မန်ဂါးလ်အပေါ် ဆက်ယုံသင့်သလား မယုံသင့်တော့ဘူးလားဆိုတဲ့ မေးခွန်းထွက်ပေါ်လာခဲ့ပါပြီ။

မန်ယူအသင်းအနေနဲ့ အုပ်စုအဆင့်ကနေ ထွက်ခွာခဲ့ရပြီးနောက် လူမှုကွန်ယက်တွေပေါ်မှာ လှောင်ပြောင်မှုတွေများစွာရှိခဲ့ပြီး ဒါဟာ နည်းပြမန်ဂါးလ်အတွက်လည်း စိတ်ပျက်စရာ အခြေအနေပါပဲ။ အထူးသဖြင့် ပရီသတ်တွေက ငွေကြေးသုံးစွဲမှုကို အပြည့်အဝထောက်ပံ့ပေးထားသလို အချိန်အားဖြင့်လည်း ၁၇လကြာ စောင့်စားခဲ့တဲ့ကြားကနေ အခုလို ဆိုးဆိုးရွားရွားအခြေအနေနဲ့ ရင်ဆိုင်ခဲ့ရတာနဲ့ပတ်သက်လို့ လက်မခံနိုင်အောင်ဖြစ်နေကြတာပါ။ မှန်ပါတယ်။ မန်ဂါးလ်ဟာ မန်ယူအသင်းကို ၂၀၁၄ ဇူလိုင်လကတည်းက စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ သူအလိုရှိတဲ့ ကစားသမားခေါ်ယူမှုတွေအတွက်လည်း ငွေကြေးများစွာ အသုံးပြုခဲ့ပေမယ့် ပရီသတ်ကျေနပ်လောက်တဲ့ ရလဒ်မျိုးနဲ့ ခြေစွမ်းမျိုးကိုတော့ သက်သေပြနိုင်ခြင်းမရှိသေးပါဘူး။ ပြီးခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၁၅တုန်းက ဝက်စ်ဘမ်းနဲ့ သရေကျခဲ့တဲ့နောက်မှာလည်း မန်ဂါးလ်ထက် မန်ယူရဲ့စုစုပေါင်းသရေပွဲရလဒ်က ၁၉ပွဲအထိရှိသွားခဲ့ပါတယ်။ အထူးသဖြင့် ဒီရာသီကစားခဲ့တဲ့ စုစုပေါင်း ၂၅ပွဲမှာ ၀-၀ သရေရလဒ်ထွက်ပေါ်တဲ့ပွဲ ၎ပွဲရှိခဲ့ခြင်းက မန်ယူအသင်းသမိုင်းနဲ့ယှဉ်ရင် အံ့သြစရာတောင်ကောင်းနေတယ်လို့ ဆိုရပါလိမ့်မယ်။

ဝက်စ်ဘမ်းနဲ့ပွဲအပြီးမှာဆိုရင် စစ်တမ်းတစ်ခုထွက်ပေါ်ခဲ့ပြီး မန်ယူအသင်းကို ကိုင်တွယ်ခဲ့တဲ့ နည်းပြတွေထဲမှာ မန်ဂါးလ်ကိုင်တွယ်တဲ့ မန်ယူအသင်းက သရေပွဲရာခိုင်နှုန်း အများဆုံးဖြစ်နေတယ်ဆိုတဲ့ စစ်တမ်းပဲဖြစ်ပါတယ်။ ဒါဟာ ဘောလုံးပိုင်ဆိုင်မှုကိုအသားပေးလွန်းတဲ့ နည်းပြမန်ဂါးလ်ရဲ့နည်းဗျူဟာဟာ အစဉ်အလာကြီးခဲ့တဲ့ မန်ယူသမိုင်းကြောင်းနဲ့ သွေဖယ်နေတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပါပဲ။ မန်ဂါးလ်ကတော့ ဝက်စ်ဘမ်းနဲ့သရေကျတဲ့ပွဲအပြီးမှာ မန်ယူအသင်းအနေနဲ့ ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလားရဖို့ မဖြစ်နိုင်ဘဲ ပိုမိုအင်အားတောင့်တင်းလာအောင်ပြင်ဆင်ပြီး လာမယ့်နှစ်မှ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ပြောဆိုထားဖူးပါတယ်။ တကယ်တမ်းဒီစကားကို ပြန်ကောက်ပြီးကြည့်မယ်ဆိုရင် မန်ဂါးလ်အနေနဲ့ သူရောက်လာပြီး နောက်ပိုင်းမှာ ၁၇လတာ ကာလအတွင်း ငွေကြေးသုံးစွဲမှု ပေါင်သန်း ၂၆၀ရှိခဲ့တာကိုတောင် လူအင်အားမတောင့်တင်းသေးဘူးလို့ ဆိုတာ လက်ခံနိုင်စရာတော့မရှိပါဘူး။ စတင် ရောက်ရှိလာခဲ့စဉ်တုန်းက ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်ဆိုပေမယ့် အခုနောက်ပိုင်းမှာတော့ ဒါကိုချည်းပဲအကြောင်းပြနေလို့ မရတော့တာလည်းသေချာပါတယ်။ မိုယက်စ် ကိုင်တွယ်စဉ်တုန်း ဘောလုံးပိုင်ဆိုင်မှုဦးစားပေးသော အဓိကဖြစ်နေတာက လက်ခံနိုင်စရာမရှိပါဘူး။ ပထမအချက် ၂ချက်နဲ့ဆက်စပ်ပြီး မေးခွန်းထုတ်လိုက်တဲ့ တတိယအချက်ကတော့ ဖျော်ဖြေမှုပေးနိုင်ရဲ့လားဆိုတာပါပဲ။ ဖာဂူဆန်လက်ထက်တုန်းက မန်ယူရဲ့ပွဲစဉ်တွေဟာ စိတ်လှုပ်ရှားဖွယ်ရာအပြည့်ဖြစ်ခဲ့ပေမယ့် မန်ဂါးလ်ကိုင်တွယ်နေတဲ့ မန်ယူအသင်းရဲ့ပွဲစဉ်တွေကတော့ အင်မတန်ပျင်းစရာကောင်းနေပါတယ်။ ဒါဆိုရင် ပရိသတ်တွေအနေနဲ့လည်း စိတ်ကျေနပ်မှုရမှာမဟုတ်ဘဲ မန်ဂါးလ်အနေနဲ့ ပရိသတ်တွေရဲ့စိတ်ခံစားမှုကိုလည်း ထည့်စဉ်းစားဖို့လိုနေတယ်လို့ ထောက်ပြရေးသားထားပါတယ်။

မန်ယူဟာ ဝုဖ်ဘတ်ကိုအရေးနိမ့်ခဲ့ပြီး နောက်မှာ အုပ်စုတတိယနေရာရရှိခဲ့တာကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲကို သွားရောက်ကစားရမှာဖြစ်ပြီး ၃၂သင်းအဆင့်ကနေ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်အုပ်စုအဆင့်ကနေ ထွက်ခဲ့ရချိန်မှာ ယူရိုပါလိဂ်ကစားခွင့်က စိတ်ဖြေစရာဖြစ်ခဲ့ရတယ်ဆိုပေမယ့် တကယ်လို့သာ ယူရိုပါလိဂ်မှာလည်း စိတ်ပျက်ဖွယ်ရာအခြေအနေမျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုရင်တော့ မကောင်းတော့ပါဘူး။ လက်ရှိအချိန်မှာ ယူရိုပါလိဂ်ပြိုင်ပွဲဆိုတာဟာလည်း ချန်ပီယံလိဂ်ထက် တစ်ဆင့်နိမ့်နေပေမယ့် လီဗာပူး၊ ဒေါ့မန်၊ စပါ၊ ရှော်ကေး၊ ဘီလ်ဘာအို၊ နာပိုလီတို့လိုအသင်းတွေပါဝင်ကစားနေတဲ့ပြိုင်ပွဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချန်ပီယံလိဂ်ကနေ ထွက်ခွာခဲ့ရပြီးနောက်မှာတော့ လူးဝစ်ဗန်ဂါးလ်အပေါ် ဆက်ယုံသင့်သလား၊ မယုံသင့်တော့ဘူးလားဆိုတဲ့ မေးခွန်းကတော့ ထွက်ပေါ်လာခဲ့ပြီဖြစ်လို့ မန်ဂါးလ်အနေနဲ့ ကျေနပ်မှုတစ်စုံတရာ ပေးစွမ်းနိုင်အောင်တော့စွမ်းဆောင်ပေးဖို့လိုအပ်နေတာအမှန်ပါပဲ။

ကိုမျိုး(Magic Land)

ကဆိုရင် ငွေကြေးသုံးစွဲမှုက ပေါင်သန်း ၃၀ သာရှိခဲ့ပေမယ့် ရှိတဲ့လူနဲ့ ချန်ပီယံလိဂ်မှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာကြောင့် ဒဏ်ရာရကစားသမားတွေရှိနေတယ်ဆိုရင်တောင် မန်ဂါးလ်အနေနဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် ကျော်လွန်အောင်တော့ စွမ်းဆောင်ပေးသင့်တယ်မဟုတ်ပါလား။

လက်ရှိအချိန်မှာတော့ မန်ယူနဲ့ ၂၀၁၃ အထိစာချုပ်သက်တမ်းရှိနေတဲ့ မန်ဂါးလ်ဟာ မန်ယူအတွက် သင့်တော်တဲ့နည်းပြတစ်ယောက် ဟုတ်၊ မဟုတ်ဆိုတာကို ပြီတိန်မီဒီယာတွေက ဝိုင်းဝန်းမေးခွန်းထုတ်နေကြပါပြီ။ ဒေးလီမေးလ်သတင်းစာကဆိုရင် မန်ဂါးလ်ကို အဓိကကျတဲ့ အချက်တွေနဲ့ ထောက်ပြပြီး မန်ယူအတွက် သင့်တော်တဲ့နည်းပြလားဆိုတာကို မေးခွန်းထုတ်ထားပါတယ်။ ပထမဆုံးအချက်က ရလဒ်ပိုင်းဖြစ်ပြီး မန်ဂါးလ်အနေနဲ့ ဒီရာသီ ၂၅ပွဲမှာ ဂိုးမရှိသရေရလဒ်ပွဲ ၎ပွဲရှိခဲ့တာ၊ ဆွမ်ဆီးကို အရေးနိမ့်ခဲ့တာ၊ အာဆင်နယ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့တာတွေကို ထောက်ပြခဲ့ပါတယ်။ ဒုတိယအချက်ကတော့ နည်းဗျူဟာပိုင်းဖြစ်ပြီး မန်ဂါးလ်ရဲ့နည်းစနစ်တွေဟာ

BETTING NEWS

ပြိုင်ပွဲစုံနောက်ဆုံး ၁၀ပွဲ၌ ဆက်တိုက်ဂိုးအောက်ကစားထားသည့် စတုတ်စီးတီး

10

ပရီးမီးယားလိဂ်ပွဲစဉ် ၁၆တွင် ဝက်စ်ဟမ်းအသင်းနှင့် ရင်ဆိုင်မည့်စတုတ်စီးတီးအသင်းသည် ပြိုင်ပွဲစုံနောက်ဆုံး ၁၀ပွဲဆက်တိုက် ၂ ဂိုးအောက်ဖြစ်ခဲ့သည်ကို တွေ့ရသည်။ စတုတ်စီးတီးဇာတ်အဆိုပါ ၁၀ပွဲတွင် ချဲလ်ဆီးနှင့်ကစားခဲ့သည့် ၂ပွဲ၊ ဆောက်သမ်တန်နှင့်ကစားခဲ့သည့် ၁ပွဲ၊ မန်စီးတီးနှင့်ကစားခဲ့သည့် ၁ပွဲ ပါဝင်ခဲ့ပြီး ပြိုင်ပွဲစုံအဝေးကွင်း ၉ပွဲမှာလည်း ၂ ဂိုးအောက်ပွဲစဉ်များဖြစ်နေ၍ ဝက်စ်ဟမ်းနှင့်ပွဲတွင် ဂိုးအောက်ထပ်ဖြစ်မလားစောင့်ကြည့်ရမည်ဖြစ်သည်။

ပရီးမီးယားလိဂ်အိမ်ကွင်းတွင် လီဗာပူး ဖွင့်လှစ်မှုအရ လုံး၀မအောင်မြင်သေး

0

၀က်စ်ဘရွန်းအား အိမ်ကွင်း၌ဧည့်ခံကစားရမည့် လီဗာပူးသည် ယခုရာသီပရီးမီးယားလိဂ် ပြိုင်ပွဲတွင် စုစုပေါင်း ၁၅ပွဲ၌ ဖွင့်လှစ်မှုအရ ၅ပွဲအောင်မြင်ခဲ့သော်လည်း ပရီးမီးယားလိဂ် အိမ်ကွင်းပွဲ ၎ပွဲတွင်မူ အောင်မြင်မှုလုံး၀မရှိသေးပေ။ အဆိုပါ ၎ပွဲတွင် ၅ပွဲကျရှုံးထားခြင်းဖြစ်ပြီး ဘုန်းမောက်၊ ဗီလာတို့နှင့်ပွဲများတွင်မူ ပြန်ခွာခဲ့သည်။ ယင်း ၎ပွဲစလုံးတွင် လီဗာပူးက အနိမ့်ဆုံး =၁၀၀ အကျော်ပေးခဲ့ရခြင်းလည်းဖြစ်သည်။

ပြိုင်ပွဲစုံနောက်ဆုံး ၉ပွဲဆက် ဖွင့်လှစ်မှုအရ လုံး၀မကျရှုံးသေးသည့် လက်စတာ

9

ချဲလ်ဆီးအသင်းနှင့် ရင်ဆိုင်ကစားရမည့် လက်စတာသည် ပရီးမီးယားလိဂ်အမှတ်ပေး၀ယားထိပ်ဆုံးတွင် ရပ်တည်နေသကဲ့သို့ ယခုရာသီပရီးမီးယားလိဂ် အောင်/ရှုံး၀ယားတွင်လည်း အောင်မြင်မှုရာခိုင်နှုန်း ၈၀ဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်နေသည်။ ၎င်းတို့သည် ပြိုင်ပွဲစုံနောက်ဆုံး ၉ပွဲတွင်လည်း ဖွင့်လှစ်မှုအရ လုံး၀မကျရှုံးခဲ့ဘဲ ဟားလ်စီးတီးနှင့် လိဂ်ဖလားပွဲတွင် ပြန်ခွာခဲ့သည်မှလွဲ၍ ကျန် ၈ပွဲစလုံးဖွင့်လှစ်မှုအောင်မြင်ခဲ့သည်။

မန်စီးတီး၏အိမ်ကွင်းပွဲဆိုလျှင် ဂိုးအပေါ်သာကစားရမည့်အနေအထား

11

ဆွမ်ဆီးအသင်းနှင့် ရင်ဆိုင်တွေ့ဆုံမည့် မန်စီးတီးသည် ယခုနောက်ပိုင်းအိမ်ကွင်းပွဲများတွင် ဂိုးပေါင်းအပေါ်ဖြစ်လေ့ရှိပြီး ပြိုင်ပွဲစုံနောက်ဆုံး အိမ်ကွင်း ၁၁ပွဲတွင် ၁၁ပွဲစလုံး ၂ ဂိုးအထက်ဖြစ်ထားခြင်းကြောင့် စိတ်၀င်စားဖွယ်ရာအနေအထားမျိုးဖြစ်နေသည်။ အဆိုပါ ၁၁ပွဲတွင် ချန်ပီယံလိဂ်ပွဲ ၃ပွဲ၊ လိဂ်ဖလားပွဲ ၂ပွဲနှင့် ပရီးမီးယားလိဂ်ပွဲ ၆ပွဲ ပါဝင်ခဲ့ပြီး မန်စီးတီးမှာ ပရီးမီးယားလိဂ် ၆ပွဲတွင် စုစုပေါင်း ၁၈ဂိုးအထိ သွင်းယူနိုင်ခဲ့၍ ၁ပွဲပျမ်းမျှ ၃ဂိုးရှိနေသည်။

နာပိုလီနှင့် ရိုးမားတွေ့ဆုံမှု နောက်ဆုံး ၈ပွဲဆက်တိုက် အပေါ်အသင်းသာ အောင်မြင်

8

ယခုတစ်ပတ်တွင် စီးရီးအေ၌ နာပိုလီနှင့် ရိုးမားတို့ထိပ်တိုက်တွေ့ဆုံကြမည်ဖြစ်ရာ အဆိုပါ ၂သင်းတွေ့ဆုံခဲ့သည့် နောက်ဆုံး ၈ကြိမ်တွင် အိမ်ရှင်အပေါ်အသင်းများသာ ဖွင့်လှစ်မှုအောင်မြင်ထားသည်ကိုတွေ့ရသည်။ ယင်း ၈ပွဲတွင် နာပိုလီက အိမ်ရှင်အဖြစ် ၄ပွဲကစားခဲ့ပြီး ရိုးမားက အိမ်ရှင်အဖြစ် ၄ပွဲကစားခဲ့ရာတွင် အပေါ်အသင်းအဖြစ် အိမ်ရှင်အသင်းများသာ သတ်မှတ်ခံခဲ့ရသော်လည်း အိမ်ရှင်အသင်းများသာ အောင်မြင်ခဲ့သည်။

ဆမ်ဒိုးရီးယားနှင့်တွေ့ဆုံသည့် အိမ်ကွင်းပွဲစဉ်များတွင် လာဇီယို အောင်မြင်မှုများခဲ့

2

စီးရီးအေတွင် နောက်ဆုံး ၆ပွဲဆက်တိုက်နိုင်ပွဲပျောက်မှုနှင့်အတူ ဖွင့်လှစ်မှုအရလည်း အဆိုပါ ၆ပွဲစလုံးကျရှုံးခဲ့ရသည့် လာဇီယိုသည် ယခုတစ်ပတ်တွင် အိမ်ကွင်း၌ ဆမ်ဒိုးရီးယားအား ဧည့်ခံကစားရမည်ဖြစ်သည်။ လာဇီယိုအနေဖြင့် အိမ်ကွင်းတွင် ဆမ်ဒိုးရီးယားနှင့် ရင်ဆိုင်ခဲ့သည့် နောက်ဆုံး ၁၀ပွဲတွင် အနိမ့်ဆုံး =၅၀ အကျော်ပေးခဲ့ရသော်လည်း ၈ပွဲအထိအောင်မြင်ခဲ့ပြီး =၁၀၀ နှင့်အထက် အကျော်ပေးသည့်ပွဲတိုင်း အောင်မြင်မှုရရှိခဲ့သည်။

ဥရောပကို မိမိတို့အသင်း သတိပေးခဲ့ပြီဟု ဝုဖ်ဘတ်နည်းပြ ကြုံးဝါး

ဝုဖ်ဘတ်၊ ဒီဇင်ဘာ ၉

ဝုဖ်ဘတ်အသင်းနည်းပြ ဟာ်ကင်က မိမိတို့အသင်းမှာ မန်ယူအသင်းကို အနိုင်ကစားနိုင်ခဲ့သောကြောင့် စိတ်ဓာတ်ပိုင်းမြင့်မားခဲ့ကြောင်း။ ယခုနိုင်ငံမှာ မိမိတို့အနေဖြင့် ဥရောပအသင်းများကို သတိပေးလိုက်ခြင်းလည်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ၎င်းက ''ကျွန်တော့်အသင်းသားတွေကို ဂုဏ်ပြုပါတယ်။ ဒီပွဲဟာ တကယ်ကောင်းခဲ့တဲ့ပွဲပါ။ ကျွန်တော်တို့ရဲ့အခွင့်အရေးတွေကို အကောင်းဆုံးဆုပ်ကိုင်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။ မန်ယူလိုအသင်းနဲ့တွေ့တဲ့ပွဲမှာ အခုလိုကစားနိုင်ဖို့လိုပါတယ်''ဟု ပြောကြားခဲ့သည်။

ဂယ်လီယာနီမှာ ဘောလုံးအကြောင်း နားမလည်ဟု မာလ်ဒီနီဆို

မီလန်၊ ဒီဇင်ဘာ ၉

မီလန်အသင်း ကစားသမားဟောင်း မာလ်ဒီနီက အေစီမီလန်အသင်း အမှုဆောင်အရာရှိ ဂယ်လီယာနီမှာ ဘောလုံးအကြောင်း နားမလည်သူဖြစ်ကြောင်း ဝေဖန်ပြောကြားသွားခဲ့သည်။ ဂယ်လီယာနီမှာ မီလန်ကို အနီးကပ်ဦးဆောင်နေသူဖြစ်ပြီး မီလန်သာ ယခင်ကဲ့သို့ ပြန်လည်အောင်မြင်လိုပါက ဂယ်လီယာနီကို အပြောင်းအလဲလုပ်ရမည်ဖြစ်ကြောင်း မာလ်ဒီနီက ဆိုခဲ့သည်။ ၎င်းက ''အရင်လိုပြန်ဖြစ်ဖို့ ဘောလုံးအကြောင်း နားလည်တဲ့သူလိုပါတယ်။ မီလန်မှာ အဲလိုခေါင်းဆောင်မရှိပါဘူး''ဟု ဆိုခဲ့သည်။

လီဝန်ဒေါ်စကီးနှင့် ရီးရဲလ်သတင်းများကို ရှုမင်နစ်ဂီ ငြင်းဆန်ခဲ့

မြူးနစ်၊ ဒီဇင်ဘာ ၉

ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင်အရာရှိ ရှုမင်နစ်ဂီက ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းတို့က်စစ်မှူး လီဝန်ဒေါ်စကီးအား ခေါ်ယူရန် ကြိုးစားနေသည်ဆိုသည့် သတင်းများမှာ မဟုတ်မှန်ကြောင်း ငြင်းဆန်ခဲ့သည်။ လီဝန်ဒေါ်စကီးမှာ ဘိုင်ယန်မြူးနစ်အသင်းတွင် အထူးခြွေစွမ်းပြ ကစားနေသူဖြစ်ပြီး ၎င်းကိုခေါ်ယူရန် ရီးရဲလ်က စိတ်ဝင်စားနေသည်ဟု သတင်းထွက်ပေါ်နေသည်။ လက်ရှိတွင် လီဝန်ဒေါ်စကီးနှင့် ဘိုင်ယန်တို့၏စာချုပ်မှာ ၂၀၁၉ ခုနှစ်အထိ ရှိနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်း ခြေစွမ်းပိုင်းကျဆင်းနေခြင်းကို စိတ်မပူဟု ဒဲလ်ဘော့ ဖွင့်ဟ

မက်ဒရစ်၊ ဒီဇင်ဘာ ၉

စပိန်အသင်းနည်းပြ ဒဲလ်ဘော့က ချဲလ်ဆီးအသင်းအနေဖြင့် လက်ရှိအချိန်တွင် အောင်မြင်မှုရရန် ရုန်းကန်နေရခြင်းကို မိမိအနေဖြင့် စိတ်မပူကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်းတွင် ဖာဘရီကတ်စ်၊ ပီဒရို၊ ဒီယေဂိုကော်စတာ၊ အက်စ်ပီလီကျူတာစသည့် စပိန်လက်ရွေးစင်ကစားသမားများ ပါဝင်ကစားနေပြီး ချဲလ်ဆီးအသင်းရလဒ်ပိုင်းကျဆင်းနေခြင်းက အဆိုပါကစားသမားများ၏ စိတ်ဓာတ်ပိုင်းကို ထိခိုက်စေနိုင်သည်ဟု ခန့်မှန်းမှုများရှိနေခဲ့သည်။ သို့ရာတွင် ဒဲလ်ဘော့က အဆိုပါခန့်မှန်းမှုများကို ပယ်ချခဲ့ပြီး ချဲလ်ဆီးအသင်း ရလဒ်ဆိုးနေမှုများကို မိမိအနေဖြင့် စိတ်မပူကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒဲလ်ဘော့က မိမိမှာ လက်ရှိတွင် ကစားသမားများကို သေချာစွာလေ့လာနေပြီး ပြင်သစ်တွင်ကျင်းပမည့် ယူရိုပြိုင်ပွဲ၌ အကောင်းဆုံးအသင်းကို ပွဲထုတ်နိုင်ရန်လည်း မျှော်လင့်နေကြောင်း ဆိုခဲ့သည်။ ၎င်းက ''ချဲလ်ဆီးမှာ လက်ရွေးစင်ကစားသမား ၄ ယောက်ရှိပါတယ်။ ဒါပေမဲ့ နောက်ထပ်ကစားမယ့် ခြေစမ်းပွဲက ၄ လလောက်လိုသေးလို့ ဆက်လက်စောင့်ကြည့်ရမှာပါ။ ပြင်သစ်ကို အကောင်းဆုံးကစားသမားတွေခေါ်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်''ဟု ဆိုခဲ့သည်။

ဘိုင်ယန်မှထွက်ခွာရန် အလွန်ဆို စီစဉ်ထားခြင်းမရှိ

မြူးနစ်၊ ဒီဇင်ဘာ ၉

ဘိုင်ယန်မြူးနစ်အသင်းကွင်းလယ်ကစားသမား အလွန်ဆိုမှာ လက်ရှိတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိနေသော်လည်း အနာဂတ်တွင် ပုံမှန်ပွဲထွက်ခွင့်သေချာခြင်း မရှိသောကြောင့် ဘိုင်ယန်မှထွက်ခွာတော့မည်ဟု သတင်းထွက်ပေါ်နေသည်။ သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများမှာ အလွန်ဆိုအား ဆက်လက်ထိန်းသိမ်းရန် စီစဉ်ထားပြီး ၎င်းကဲ့သို့ ဝါရင့်ကစားသမားတစ်ဦးကို လက်လွှတ်ရန် အစီအစဉ်မရှိကြောင်း သိရသည်။

News in Brief

- အေစီမီလန်အသင်းနည်းပြ မီဟိုင်းလိုစစ်က မိမိတို့အသင်းမှာ ကာပီနှင့်ကစားခဲ့သောပွဲတွင် အဓိုးတန်ရမှတ် ၂ မှတ်ကို လွယ်ကူစွာဆုံးရှုံးခဲ့ခြင်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အသက် ၃၈ နှစ်အရွယ်ရှိ ဗီရိုနာအသင်းတိုက်စစ်မှူး လူကာတိုနီသည် ယခုရာသီကုန်တွင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း သိရှိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်း မန်နေဂျာဟောင်း ဗယ်လ်ဒါနီက ဘာစီလိုနာအသင်းတိုက်စစ်အောင်မြင်မှုမှာ နေမာကြောင့် ပိုမိုမီးပြင်လာကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဂျူဗင်တပ်ဂိုးသမား ဘူဖွန်က ချန်ပီယံလိဂ်တွင် ဗိုလ်စွဲရန်ဘာစီလိုနာက ရေပန်းစားကြောင်း ဆိုခဲ့သည်။

မိမိအတွက် ရိုးမားနောင်တရစေရမည်ဟု ဂျာဂျစ် သတိပေး

မီလန်၊ ဒီဇင်ဘာ ၉

အင်တာမီလန်အသင်းတွင် အင်္ဂျာဖြင့်လာရောက်ကစားနေသည့် တိုက်စစ်မှူး ဂျာဂျစ်က မိမိ၏လက်ရှိစွမ်းဆောင်ရည်ကို ကျေနပ်အားရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး မိမိအားအင့်ာဖြင့် စေလွှတ်ခဲ့သော ရိုးမားအနေဖြင့် မိမိစွမ်းဆောင်ရည်ကိုကြည့်ပြီး နောင်တရစေရမည်ဟု သတိပေးခဲ့သည်။

ဂျာဂျစ်မှာ အင်တာမီလန်အသင်းအတွက် ခြေစွမ်းပြနေခဲ့ပြီး နောက်ပိုင်းပွဲများတွင်လည်း ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

မန်ယူအသင်းမှာ လုံလောက်သောတောင့်တင်းမှု မရှိကြောင်း ဝုဖ်ဘတ်အားကစားဒါရိုက်တာဆို

မန်ယူအသင်းကို ထိုက်တန်စွာအနိုင်ရရှိခဲ့ခြင်းဟု ရှာရယ် ကြုံးဝါးသွားခဲ့

ဝုဖ်ဘတ်၊ ဒီဇင်ဘာ ၉

ဝုဖ်ဘတ်အသင်း အားကစားဒါရိုက်တာ အလော့ဖ်က မန်ယူအသင်းမှာ လုံလောက်သောတောင့်တင်းမှု မရှိကြောင်း။ ယခုအုပ်စုတွင် မန်ယူအသင်းသာ နောက်တစ်ဆင့်တက်မည်ဟု အများကမျှော်လင့်ခဲ့သော်လည်း လက်ရှိတွင်ဖြစ်မလာကြောင်း ဝေဖန်ပြောကြားသွားခဲ့သည်။

မန်ယူအသင်းမှာ ဝုဖ်ဘတ်အသင်းကို အနိုင်ကစားနိုင်ပါက နောက်တစ်ဆင့်သို့တက်ရောက်နိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် ဖြစ်မလာခဲ့ဘဲ အဝေးကွင်း၌ အရေးနိမ့်ခဲ့ရကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ မန်ယူအသင်းမှာ အုပ်စုမဲခွဲစဉ်အချိန်က နောက်တစ်ဆင့်တက်ရန် အုပ်စုအတွင်း ရေပန်းအစားဆုံးအသင်းတစ်သင်းဖြစ်ခဲ့သော်လည်း အနိုင်ရသင့်သည့်ပွဲများတွင် အနိုင်ရရှိခဲ့ခြင်း မရှိသောကြောင့် ယခုကဲ့သို့ အုပ်စုမှထွက်ခဲ့ရခြင်းလည်းဖြစ်သည်။

အလော့ဖ်က ''လူတိုင်းဟာ ဒီအုပ်စုကနေ မန်ယူပဲနောက်တစ်ဆင့်တက်မယ်လို့ ထင်ခဲ့ကြတာပါ။ ဒါပေမဲ့ တကယ်တမ်းမှာ မန်ယူဟာ လုံလောက်တဲ့တောင့်တင်းမှု မရှိပါဘူး။ ဒါကို ပြီးခဲ့တဲ့တစ်ပတ်ကတည်းက သိခဲ့တာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့မှာ အခွင့်အရေးရှိတယ်ဆိုတဲ့မျှော်လင့်ချက်ခဲ့ကြီးစားခဲ့တာဖြစ်ပါတယ်။ မန်ယူနဲ့ ပထမဆုံးတွေ့တဲ့ပွဲမှာ ကျွန်တော်တို့ကို အနိုင်ရရှိခဲ့ပေမယ့် သူတို့ကို ကျွန်တော်တို့အသင်း ခြေစွမ်းတူနိုးပါး ယှဉ်ကစားနိုင်ခဲ့တာပါ။ သူတို့မှာ နာမည်ကြီးကစားသမားတွေရှိပေမယ့် ကစားစွာ အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

> မန်ယူနဲ့ ပထမဆုံးတွေ့ တဲ့ပွဲမှာ ကျွန်တော်တို့ကို အနိုင်ရရှိခဲ့ပေမယ့် သူတို့ကို ကျွန်တော်တို့အသင်း ခြေစွမ်းတူနိုးပါး ယှဉ်ကစားနိုင်ခဲ့တာပါ။ သူတို့မှာ နာမည်ကြီးကစားသမားတွေ . . .

ရှာရယ်က ''မန်ယူအသင်းဘက်ကို ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သင့်ပေမယ့် တကယ်တမ်းမှာ ဂိုးရသွားတာက သူတို့အသင်းပါ။ ဒါပေမဲ့ ကျွန်တော်တို့အသင်းဟာ အကောင်းဆုံးပြန်လည်နိုးထခဲ့ပြီး စစ်မှန်တဲ့ခြေစွမ်းကို ပြသနိုင်ခဲ့ပါတယ်။ တစ်ပွဲလုံးအနေနဲ့ခြုံကြည့်ရင် ကျွန်တော်တို့ပိုသာခဲ့ပြီး နောက်တစ်ဆင့်ကို ထိုက်ထိုက်တန်တန်တက်ရောက်ခဲ့တာလို့လည်း ဆိုရမှာပါ။ ၂ ဂိုးစီဖြစ်တဲ့အချိန်မှာ ပီအက်စ်ဗွီလည်း နိုင်နေလို့ ဂိုးထပ်ပေးလို့မရတော့ပါဘူး။ ဒီဖိအားနဲ့ကြိုးစားခဲ့တာကြောင့် အနိုင်ဂိုးတောင် ရရှိခဲ့ပါတယ်''ဟု ဆိုခဲ့သည်။

ချန်ပီယံလိဂ်၌ အောင်မြင်ရန် ဘိုနူချီ မျှော်လင့်နေ

တူရင်၊ ဒီဇင်ဘာ ၉

ဂျူဗင်တပ်အသင်းနောက်ခံလူ ဘိုနူချီက မိမိတို့အသင်းမှာ ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိရန် မျှော်လင့်ကြောင်း။ ဂျူဗင်တပ်အနေဖြင့် ချန်ပီယံလိဂ်၌ နောက်ဆုံးအဆင့်အထိခရီးဆက်နိုင်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ဂျူဗင်တပ်အသင်းမှာ ယခုရာသီတွင် ခြေစွမ်းပိုင်းကျဆင်းနေသောကြောင့် သံသယများနှင့် ရင်ဆိုင်နေရသော်လည်း ဘိုနူချီကမူ မိမိတို့အသင်းအောင်မြင်မည်ဟုယုံကြည်ကြောင်း ဆိုသွားခဲ့သည်။ ဘိုနူချီက ''ကျွန်တော်တို့အသင်းဟာ ချန်ပီယံလိဂ်မှာ အောင်မြင်မှုရဖို့ မျှော်လင့်ပါတယ်။ နောက်ဆုံးအဆင့်အထိရောက်အောင် ကြိုးစားမှာပါ''ဟု ဆိုခဲ့သည်။

ဘင်နီတက်ဇ်နှင့် ချီရီရွက်ဗ်တို့အား ရီးရဲလ်ပရိသတ်များ လှောင်ပြောင်သွားခဲ့

မက်ဒရစ်၊ ဒီဇင်ဘာ ၉

ကာတာမှာ ကျွန်တော်၅ပတ်ပဲ နေဖြစ်ခဲ့ပါတယ်။ နေရာထိုင်ခင်းနဲ့ အစားအစာတွေကတော့ အဆင့်မြင့်လှပါတယ်။ ဒါပေမဲ့ အဲဒီမှာက သီးခြားအုပ်စုဖွဲ့မှုတွေများစွာရှိသလို လေ့ကျင့်ရေးမှုံးတွေကလည်း သူတို့မကြိုက်ရင် ကစားခွင့်မပေးတာတွေရှိတာပါ။ ဒီလိုနဲ့ မွေးရပ်မြေဆီ ပြန်လာဖြစ်ခဲ့တာပါပဲ။ အိမ်ပြန်ရောက်ပြီး ၁နှစ်လောက်အကြာမှာတော့ ဘရာဇီးကလပ် ၁၅ဖီယိုမှာ လေ့ကျင့်ခန်းဆင်းခွင့်ရခဲ့ပြန်ပါတယ်။ အသင်းက နေစရာ၊ စားစရာနဲ့သုံးစွဲဖို့ ငွေအနည်းငယ်ပေးပါတယ်။ ကျွန်တော့်ရဲ့စွမ်းဆောင်ရည်ကိုလည်း သူတို့ကြိုက်ကြပါတယ်။ ဒါပေမဲ့ကျွန်တော့်ရဲ့မွေးရပ်မြေကို ပဲပြန်လာဖြစ်ခဲ့ပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ ဇာတိမြေကလေးကို သူတို့ကြိုက်ကြလို့ပါ။ ဒီလိုနဲ့ ၂၀၀၈ ဒီဇင်ဘာ ၂၄ရက်နေ့မှာတော့ အာဂျင်တီးနားကို၊ ဒီအေးဂျင့်နဲ့အတူ ထွက်ခွာဖြစ်ခဲ့တာပါ။ ကင်မရွန်းကထွက်တော့ အမေက ကျွန်တော့်အတွက်ဆိုပြီး ပေါင် ၁,၆၀၀ထည့်ပေးလိုက်ပါတယ်။ ဒီပိုက်ဆံတွေရော၊ ပတ်စ်ပို့၊ မွေးစာရင်းနဲ့အပြန်လေယာဉ်လက်မှတ်တွေကိုရော သူကသိမ်းဆည်းထားလိုက်တာပါ။ ဒီလိုနဲ့ မနက် ၃း၀၀နာရီမှာ အာဂျင်တီးနားကိုရောက်ရှိခဲ့ပြီး အငြိမ်းစားတွေနေတဲ့တဲတစ်ခုမှာ ကျွန်တော့်ကိုနေစေခဲ့ပါတယ်။ အိပ်ဖို့ကြိုးစားပေမယ့် အိပ်မပျော်နိုင်ခဲ့တဲ့ ကျွန်တော့်ကို မနက် ၈း၀၀နာရီမှာ လာခေါ်ပြီး ဘိုကာဂျူနီယာမှာ ခြေစွမ်းအစစံစမ်းဖို့ ခေါ်သွားခဲ့တာပါ။ အိပ်ချင်စိတ်တွေကြားမှာ ကျွန်တော်အကောင်းဆုံးမကစားနိုင်ခဲ့ပါဘူး။ အဲဒီနောက် ၃ရက်အကြာမှာ တီဂရီအသင်းနဲ့ ခြေစွမ်းစစ်ဆေးမှုခံခဲ့ရပါတယ်။ အသင်းကလည်း ကျွန်တော့်ကိုနှစ်သက်ခဲ့ပြီး ခေါ်ယူဖို့အထိ ကြိုစည်ခဲ့တာပါ။ အမေ့ကိုလှမ်းခေါ်ဖို့အထိ ကျွန်တော်စဉ်းစားခဲ့ပေမယ့် အေးဂျင့်က သူတို့မိသားစုနဲ့ လာနေဖို့ကိုပဲ ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော့်ကို သူတို့အိမ်မှာ ကလေးထိန်းဖို့နဲ့ ကျွန်လိုခိုင်းဖို့ လာနေစေခဲ့တာပါ။

ဒီအိမ်မှာ အများလုပ်မိရင် ရိုက်နှက်ခံရသလိုလူမျိုးရေးခွဲခြားပြီး သူတို့မိသားစုနဲ့ တစ်တန်းတစ်စားတည်း စားသောက်ခွင့်တောင် မရခဲ့ပါဘူး။ တီဂရီအသင်းကခေါ်ယူခွင့်ပေးမယ့် ကျွန်တော့်ရဲ့ဝိဘတွေ သေဆုံးကြောင်း လက်မှတ်တုတွေအပြင် အုပ်ထိန်းခွင့်ရထားတဲ့အေးဂျင့်ဖြစ်သူရဲ့တင်ပြမှုတွေက စာချုပ်ခွင့်ကိုပျက်စေခဲ့တာပါ။ ဒီကိစ္စကို အမေ့ဆီပြောပို့ကလည်း သူတို့ရေမှာဖုန်းကို စပီကာဖွင့်ပြောရလို့ အခွင့်အရေးမရှိခဲ့ပါဘူး။ အဲဒီမှာရှိရင်စဉ်အဖေဆုံးသွားပြီလို့ အမေ့ဆီကသတင်းကကြားခဲ့ရသလို လမ်းဘေးအိမ်၊ လမ်းဘေးစားဘဝတွေနဲ့ရုန်းကန်နေခဲ့ရပါတယ်။ အသင်းက အပြန်စရိတ်ထုတ်ပေးပေမယ့် အမေ့ဆီက အပြန်စရိတ်ကို သူထပ်တောင်းခဲ့တာပါ။ တကယ်တော့ သူဟာကျွန်တော့်ကို ဘောလုံးသမားတစ်ဦးဖြစ်ဖို့ ကူညီခဲ့တာမဟုတ်ဘဲ ငွေကြေးယူပြီး အိမ်မှာခိုင်းဖို့ ကျွန်တစ်ယောက်ခေါ်ခဲ့တာပဲဖြစ်ပါတယ်။ အာဂျင်တီးနားမှာ ၁နှစ်လောက်ကျွန်ခံခဲ့ပြီး ချိန်မှာတော့ ကျွန်တော့်ရဲ့စိတ်မှာ ခွဲပြဲသွားစေခဲ့တာက ဘောလုံးလောကနဲ့ဝေးရာမှာ နေသွားတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါတော့တယ်။

ပတ်ဝန်းကျင်

တစ်ခွင်လုံး မှောင်မိုက်ပြီး တိတ်ဆိတ်မှုတွေလွှမ်းခြုံလို့နေလေရဲ့။ နက်မှောင်နေတဲ့ကောင်းကင်ယံထက်မှာ မိတ်တုတ်မိတ်တုတ်လင်းလက်နေတဲ့ကြယ်လေးတွေကလည်း အေးချမ်းတည်ငြိမ်နေတဲ့ညတစ်ရဲ့ အလှတရားအတွက် ပါဝင်အားဖြည့်ပေးနေသလိုပါပဲလား။ ညရဲ့အလှမှာ စီးမျောမိနေတုန်း ရုတ်တရက်တိုက်ခတ်လိုက်တဲ့ လေနုအေးကြောင့် ကျွန်တော့်ရဲ့အပေါ်အင်္ကျီကို ဆင်ထင်းတင်းဆွဲမိပင်ရင်း မကြာသေးတဲ့အတိတ်ကာလဆီက ကြုံခဲ့ရတဲ့ဖြစ်ရပ်ဆိုးတွေအပေါ် အတွေးပြောင်းခဲ့မိပါတော့တယ်။ သြော်... ဒုက္ခတွေကပဲ့ရင်းနဲ့သေကြသလို လူတွေဟာလည်း ကြုံရင်းနဲ့သေကြသတဲ့လား။ ဒီလိုဆိုရင် ကျွန်တော်ဟာလည်း အနာဂတ်ရည်မှန်းချက်တွေအတွက် ကြုံစည်ကြိုးပမ်းရင်း ပန်းတိုင်ကိုမရောက်မီ ကျဆုံးခဲ့ရသူတစ်ဦးဖြစ်ခဲ့ရပါပြီ။ ဘောလုံးဟာ ကျွန်တော့်ဘဝအတွက် အရေးအပါဆုံးအရာ။ ဘောလုံးကစားရင်း အသက်ရင်ရှဲတည်သွားနိုင်ရေးက ကျွန်တော့်ရဲ့ရည်မှန်းချက်။ မိသားစုကို ဆင်းရဲတွင်းက ကယ်ထုတ်ရင်း ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်လာရေးဟာလည်း ကျွန်တော်မက်ခဲ့ရတဲ့အိပ်မက်တစ်ခုရယ်ပါ။

ဒီလိုစိတ်ကူးအိပ်မက်တွေအတွက် မွေးရပ်မြေကိုစွန့်ခွာပြီး ကြုစည်ကြိုးပမ်းခဲ့ပေမယ့် တကယ်တမ်းပြန်ရလိုက်တာကတော့ ကျွန်တော်မြတ်နိုးခဲ့တဲ့အိပ်မက်တွေရဲ့ဝေးရောကို ကျော်ခိုင်းပြေးထွက်သွားစေဖို့ပဲဖြစ်လာစေခဲ့ရတာပါ။ ကျွန်တော့်ရဲ့အမည်က ဒီဒီယာပါ။ ကျွန်တော်ဟာ ကင်မရွန်းနိုင်ငံ၊ ယာအိုအန်ဒီဆိုတဲ့မြို့လေးမှာ မွေးဖွားခဲ့တဲ့ ဘောလုံးအပေါ်ရူးသွပ်မှာစွဲလမ်းခဲ့သူတစ်ဦးပါပဲ။ ဒီရူးသွပ်မှုတွေအတွက် ကျွန်တော့်အသက် ၁၃နှစ်အရွယ်လောက်ကတည်းက မွေးရပ်မြေကို စွန့်ခွာထွက်ပြီး ကြိုးပမ်းခဲ့တာပါ။ တကယ်တမ်းပြောရရင် ကျွန်တော့်ကိုမွေးဖွားရာ ယာအိုအန်ဒီမြို့ဟာ ကင်မရွန်းနိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့တော်တစ်ခုပါ။ ဒါပေမဲ့ ကျွန်တော်တို့ဆီကလူတွေဟာပြင်ပဗဟုသုတခေါင်ပါးပါးနေခဲ့ကြပါတယ်။ ကမ္ဘာအရပ်ရပ်က အဖြစ်အပျက်တွေအပေါ် ရူးစမ်းလေ့လာအားနည်းခြင်းတွေကလည်း ဒီကိုလှည့်ဖျားဖို့ လာရောက်ကြသူတွေအကြိုက်ဖြစ်စေခဲ့တာပါ။ ဒါကြောင့် ဘာစီလိုနာ၊ မန်စီးတီး။ ပီအက်စ်ဂျီစတဲ့အသင်းတွေမှာ စမ်းသပ်မှုခံယူခွင့်ရရှိအောင်၊ ကစားခွင့်ရအောင် စွမ်းဆောင်ပေးနိုင်တယ်ဆိုတဲ့ဘောလုံးကင်းထောက်၊ အေးဂျင့် ဆိုသူတွေရဲ့ အယုံသွင်းခြားယောင်းမှုတွေကို လွယ်လွယ်နဲ့ယုံကြည်ခဲ့ကြတာပါ။

ဒီမှာရှိတဲ့လူငယ်အများစုဟာလည်း ဥရောပထိပ်တန်းအသင်းကြီးတွေမှာ ကစားခွင့်ရဖို့ကိုမျှော်လင့်တတ်ကြသလို သက်ဆိုင်ရာ မိသားစုဝင်တွေကလည်း ဒီအခွင့်အလမ်းကို တောင့်တခဲ့ကြပါတယ်။ တကယ်တော့ ဒီဖြစ်ရပ်မျိုးတွေဟာ ကျွန်တော်တို့ဆီမှာပဲဖြစ်နေတာတော့မဟုတ်ပါဘူး။ အာဖရိက၊ တောင်အမေရိက၊ အာရှ စတဲ့ရင်ပန်းတွေမှာလည်း နှစ်စဉ်ထောင်ပေါင်းများစွာသောလူငယ်တွေဟာ အယုံသွင်းသွေးဆောင်မှုတွေကိုခံနေကြရတာပါ။ ၂၀၀၆ ခုနှစ်ကတည်းက ဥရောပပြင်ပက အသက်၁၈နှစ်အောက် လူငယ်ကစားသမားခေါ်ယူခွင့်တွေကို ဖီဖာကပိတ်ပင်ထားခဲ့တယ်ဆိုတာကို ကျွန်တော်တို့မသိခဲ့ကြပါဘူး။ ကျွန်တော်တို့သိရှိနားလည်ထားတာက အေးဂျင့်တွေပြောတဲ့ အနာဂတ်အိပ်မက်တွေအပေါ်မှာပဲ သာယာကျေနပ်နေကြတာပါ။ ဒါကြောင့်လည်း လက်ရှိအချိန်အထိ အရွယ်မရောက်သေးတဲ့လူငယ်ကစားသမားတွေရဲ့အပြောင်းအရွှေ့တွေဟာ ဆက်လက်အဖြစ်တွယ်နေတာပဲဖြစ်ပါတယ်။

မွေးရပ်မြေကိုစွန့်ခွာပြီး အနာဂတ်မျှော်လင့်ချက်တွေအတွက် ခရီးထွက်ရတာဟာ ကျွန်တော့်အတွက်တော့ စိတ်လှုပ်ရှားစရာကိစ္စရပ်တစ်ခုပါပဲ။ ထိပ်တန်းအသင်းကြီးတစ်သင်းမှာ ကစားခွင့်ပေါ်နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်သွားရေးဟာလည်း ကျွန်တော့်ရဲ့ဆုံဖြတ်ချက်တစ်ခုပါပဲ။ ဒါကြောင့် အနာဂတ်ရည်မှန်းချက်တွေအတွက် အစဉ်တိုက်ပွဲဝင်ဖို့အသင့်ရှိနေသလည်း ဝံယူထားခဲ့တာပါ။ ဒီအိပ်မက်တွေကိုထုဆစ်ဖို့ ပထမဆုံးကြိုးပမ်းခဲ့ချိန်မှာ ကျွန်တော့်အသက်က ၁၃နှစ်လောက်ပဲရှိပါသေးတယ်။ ဒုံဟာအခြေစိုက် ကာတာအကယ်ဒမီရဲ့ 'Aspire Dreams Programme'မှာ တက်ရောက်ခွင့်ရဖို့ ရွေးချယ်ခံခဲ့ရတာပါ။ ကာတာဟာ ဒီစီမံကိန်းကို ၂၀၀၄ခုနှစ်ကတည်းက စတင်အဇ်ကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်၊ အမေရိက၊ ဂွါတီမာလာ၊ ကော်စတာရီကာ၊ ပါရာဂွေတို့က လူငယ်၃၅၅ သန်းလောက်ကို ရွေးချယ်ခေါ်ယူပြီး သင်တန်းပေးခဲ့တာဖြစ်ပါတယ်။ အိမ်ရှင်အဖြစ် ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလားမှာ အောင်မြင်မှုရယူနိုင်ဖို့ ဒီစီမံကိန်းက အရည်အချင်းရှိသူတွေကို နိုင်ငံသားခံယူခိုင်းပြီး လက်ရွေးစင်အသင်းဖွဲ့ဖို့အထိ ကြိုစည်ထားတာပါ။

ကာတာမှာ ကျွန်တော်၅ပတ်ပဲ နေဖြစ်ခဲ့ပါတယ်။ နေရာထိုင်ခင်းနဲ့ အစားအစာတွေကတော့ အဆင့်မြင့်လှပါတယ်။ ဒါပေမဲ့ အဲဒီမှာက သီးခြားအုပ်စုဖွဲ့မှုတွေများစွာရှိသလို လေ့ကျင့်ရေးမှုံးတွေကလည်း သူတို့မကြိုက်ရင် ကစားခွင့်မပေးတာတွေရှိတာပါ။ ဒီလိုနဲ့ မွေးရပ်မြေဆီ ပြန်လာဖြစ်ခဲ့တာပါပဲ။ အိမ်ပြန်ရောက်ပြီး ၁နှစ်လောက်အကြာမှာတော့ ဘရာဇီးကလပ် ၁၅ဖီယိုမှာ လေ့ကျင့်ခန်းဆင်းခွင့်ရခဲ့ပြန်ပါတယ်။ အသင်းက နေစရာ၊ စားစရာနဲ့သုံးစွဲဖို့ ငွေအနည်းငယ်ပေးပါတယ်။ ကျွန်တော့်ရဲ့စွမ်းဆောင်ရည်ကိုလည်း သူတို့ကြိုက်ကြပါတယ်။ ဒါပေမဲ့ကျွန်တော့်ရဲ့မွေးရပ်မြေကို ပဲပြန်လာဖြစ်ခဲ့ပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ ဇာတိမြေကလေးကို သူတို့ကြိုက်ကြလို့ပါ။ ဒီလိုနဲ့ ၂၀၀၈ ဒီဇင်ဘာ ၂၄ရက်နေ့မှာတော့ အာဂျင်တီးနားကို၊ ဒီအေးဂျင့်နဲ့အတူ ထွက်ခွာဖြစ်ခဲ့တာပါ။ ကင်မရွန်းကထွက်တော့ အမေက ကျွန်တော့်အတွက်ဆိုပြီး ပေါင် ၁,၆၀၀ထည့်ပေးလိုက်ပါတယ်။ ဒီပိုက်ဆံတွေရော၊ ပတ်စ်ပို့၊ မွေးစာရင်းနဲ့အပြန်လေယာဉ်လက်မှတ်တွေကိုရော သူကသိမ်းဆည်းထားလိုက်တာပါ။ ဒီလိုနဲ့ မနက် ၃း၀၀နာရီမှာ အာဂျင်တီးနားကိုရောက်ရှိခဲ့ပြီး အငြိမ်းစားတွေနေတဲ့တဲတစ်ခုမှာ ကျွန်တော့်ကိုနေစေခဲ့ပါတယ်။ အိပ်ဖို့ကြိုးစားပေမယ့် အိပ်မပျော်နိုင်ခဲ့တဲ့ ကျွန်တော့်ကို မနက် ၈း၀၀နာရီမှာ လာခေါ်ပြီး ဘိုကာဂျူနီယာမှာ ခြေစွမ်းအစစံစမ်းဖို့ ခေါ်သွားခဲ့တာပါ။ အိပ်ချင်စိတ်တွေကြားမှာ ကျွန်တော်အကောင်းဆုံးမကစားနိုင်ခဲ့ပါဘူး။ အဲဒီနောက် ၃ရက်အကြာမှာ တီဂရီအသင်းနဲ့ ခြေစွမ်းစစ်ဆေးမှုခံခဲ့ရပါတယ်။ အသင်းကလည်း ကျွန်တော့်ကိုနှစ်သက်ခဲ့ပြီး ခေါ်ယူဖို့အထိ ကြိုစည်ခဲ့တာပါ။ အမေ့ကိုလှမ်းခေါ်ဖို့အထိ ကျွန်တော်စဉ်းစားခဲ့ပေမယ့် အေးဂျင့်က သူတို့မိသားစုနဲ့ လာနေဖို့ကိုပဲ ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော့်ကို သူတို့အိမ်မှာ ကလေးထိန်းဖို့နဲ့ ကျွန်လိုခိုင်းဖို့ လာနေစေခဲ့တာပါ။

ဒီအိမ်မှာ အများလုပ်မိရင် ရိုက်နှက်ခံရသလိုလူမျိုးရေးခွဲခြားပြီး သူတို့မိသားစုနဲ့ တစ်တန်းတစ်စားတည်း စားသောက်ခွင့်တောင် မရခဲ့ပါဘူး။ တီဂရီအသင်းကခေါ်ယူခွင့်ပေးမယ့် ကျွန်တော့်ရဲ့ဝိဘတွေ သေဆုံးကြောင်း လက်မှတ်တုတွေအပြင် အုပ်ထိန်းခွင့်ရထားတဲ့အေးဂျင့်ဖြစ်သူရဲ့တင်ပြမှုတွေက စာချုပ်ခွင့်ကိုပျက်စေခဲ့တာပါ။ ဒီကိစ္စကို အမေ့ဆီပြောပို့ကလည်း သူတို့ရေမှာဖုန်းကို စပီကာဖွင့်ပြောရလို့ အခွင့်အရေးမရှိခဲ့ပါဘူး။ အဲဒီမှာရှိရင်စဉ်အဖေဆုံးသွားပြီလို့ အမေ့ဆီကသတင်းကကြားခဲ့ရသလို လမ်းဘေးအိမ်၊ လမ်းဘေးစားဘဝတွေနဲ့ရုန်းကန်နေခဲ့ရပါတယ်။ အသင်းက အပြန်စရိတ်ထုတ်ပေးပေမယ့် အမေ့ဆီက အပြန်စရိတ်ကို သူထပ်တောင်းခဲ့တာပါ။ တကယ်တော့ သူဟာကျွန်တော့်ကို ဘောလုံးသမားတစ်ဦးဖြစ်ဖို့ ကူညီခဲ့တာမဟုတ်ဘဲ ငွေကြေးယူပြီး အိမ်မှာခိုင်းဖို့ ကျွန်တစ်ယောက်ခေါ်ခဲ့တာပဲဖြစ်ပါတယ်။ အာဂျင်တီးနားမှာ ၁နှစ်လောက်ကျွန်ခံခဲ့ပြီး ချိန်မှာတော့ ကျွန်တော့်ရဲ့စိတ်မှာ ခွဲပြဲသွားစေခဲ့တာက ဘောလုံးလောကနဲ့ဝေးရာမှာ နေသွားတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါတော့တယ်။

EURO SPORTS JOURNAL ကျွန်ုပ်မှ ပင်တိုင်ဘောလုံးပွဲခန့်မှန်းသူများ၏ ယခင်အပတ်မှတ်တမ်း

စာမျက်နှာ	ကလောင်	အကြောင်းအရာ	မှန်ကန်မှု	မှန်ကန်မှု%
၂	N'ကြယ်မင်း	ပရီးမီးယားလိဂ် ၄ ပွဲ	၁ ပွဲ	၂၅%
၃	ရောင်နီ	ပရီးမီးယားလိဂ် ၇ ပွဲ	၃ ပွဲ	၄၂.၈၅%
၅	ယူရိုကိုကို	အထူးရွေးချယ်မှု ၄ ကွက်	၄ ကွက်	၁၀၀%
၆	ဆူမိုကြီး	အထူးရွေးချယ်မှု ၅ ကွက်	၅ ကွက်	၁၀၀%
၁၀	ခွန်နထွေ	စီးရီးအေ ၃ ပွဲ	၂ ပွဲ	၆၆.၆၆%
၁၁	မောင်တြိဂံ	စီးရီးအေ ၇ ပွဲ	၂ ပွဲ	၂၈.၅၇%
၁၄	ဇော်ဟိန်းထက်	ဘွန်ဒက်စ်လီဂါ ၃ ပွဲ	၁ ပွဲ	၃၃.၃၃%
၁၅	ခွဲနောင်	ဘွန်ဒက်စ်လီဂါ ၆ ပွဲ	၃ ပွဲ	၅၀%
၁၆	လင်းသစ်	လာလီဂါ ၃ ပွဲ	၁ ပွဲ	၃၃.၃၃%
၁၇	အိတ်တင်း	လာလီဂါ ၇ ပွဲ	၆ ပွဲ	၈၅.၇၁%

(မှတ်ချက် ။ ။ ကျွန်ုပ်၏မဲကြိုစာမျက်နှာများတွင် ဖော်ပြထားသောမွှင့်လုံမှုမြင့်သာတွက်ချက်ထားပြီး အမှန်းထွက်များကိုလည်း ရာနှုန်းပြည့်မြင့်သာတွက်ချက်ထားခြင်းဖြစ်သည်)

ကင်မရွန်းကွင်းလယ်လူဒွန်ဂိုဖိလစ်အား ရခိုင်အသင်းခေါ်ယူ

ရန်ကုန်၊ ဒီဇင်ဘာ ၉

ရခိုင်ယူနိုက်တက်အသင်းသည် နောက်ခံလူဟောင်း ဘားနတ်ကို စာချုပ်သက်တမ်းတိုးမြှင့်ခဲ့ပြီးနောက် ဒုတိယမြောက်ပြည်ပကစားသမားခေါ်ယူမှုအဖြစ် ကင်မရွန်းကွင်းလယ်လူ ဒွန်ဂိုဖိလစ်အား ခေါ်ယူနိုင်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၆ဘောလုံးရာသီအတွက် ကစားသမားသစ်များခေါ်ယူအားဖြည့်နေသည့် ရခိုင်ယူနိုက်တက်အသင်းမှာ ကွင်းလယ်ခံစစ်နှင့် ဗဟိုခံစစ်မှူးနေရာတွင် ကစားနိုင်သည့် ကင်မရွန်းနိုင်ငံသား ဒွန်ဂိုဖိလစ်ကို ၁နှစ်သက်တမ်းရှိစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်–၂GFAအသင်းတွင် ပါဝင်ကစားခဲ့ဖူးသည့် ဖိလစ်က ရခိုင်ယူနိုက်တက်အသင်းထံသို့ ပြောင်းရွှေ့ခဲ့မှုနှင့်ပတ်သက်၍ ''ဒီအသင်းနဲ့စာချုပ်.ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် အရမ်းပဲဝမ်းသာပါတယ်။ GFAအသင်းနဲ့ ၃ရာသီဖြတ်သန်းခဲ့ပြီးတဲ့နောက် နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့တာလို့ထင်ပါတယ်။ ရခိုင်အသင်းဟာ လာမယ့်ရာသီအတွက် အကောင်းဆုံးပြင်ဆင်နေတာကြောင့် အသင်းနဲ့အတူ ကြိုးစားသွားမှာပါ'' ဟု ပြောဆိုခဲ့သည်။ ရခိုင်အသင်းသည် လက်ကျန်ပြည်ပကစားသမား ၂နေရာအတွက် ဩစတြေးလျှတိုက်စစ်မှူးနှင့် ကွင်းလယ်ကစားသမားတစ်ဦးစီကို ခေါ်ယူ၍ ခြေစွမ်းစမ်းသပ်နေကြောင်း သိရှိရသည်။

၂၀၁၅ခုနှစ် တရုတ်CFAဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် မြန်မာဖူဆယ်အသင်း ဖိတ်ကြားခံရ

မြန်မာအသင်းနှင့်အတူ တရုတ်၊ အီရန်၊ မကာအိုကိုအသင်းတို့ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၉

၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၁၇ရက်နေ့မှ ၂၀ရက်နေ့အထိ တရုတ်နိုင်ငံ၊ ချန်ဂျူးမြို့တွင်ကျင်းပပြုလုပ်မည့် CFAဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းဖိတ်ကြားခံခဲ့ရကြောင်း သိရှိရသည်။

ပြိုင်ပွဲတွင် အိမ်ရှင်တရုတ်လက်ရွေးစင်ဖူဆယ်အသင်း၊ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၊ အီရန်လက်ရွေးစင်ဖူဆယ်အသင်းနှင့် မကာအိုကိုလက်ရွေးစင်ဖူဆယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့်အသင်းက ဝိုလ်ဘွဲ့ရှိမည်ဖြစ်သည်။ တရုတ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ပြိုင်ပွဲတွင် တစ်နေ့လျှင် ပွဲစဉ်၂ပွဲနှုန်းဖြင့် ပြိုင်ပွဲကို ၃ရက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ဒီဇင်ဘာလ ၁၈ရက်နေ့တွင် ပြိုင်ပွဲများစတင်မည်ဖြစ်ပြီး တရုတ်နှင့်မကာအိုကို၊ အီရန်နှင့်မြန်မာတို့ တွေ့ဆုံရမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၉ရက်နေ့တွင် မြန်မာနှင့် တရုတ်၊ မကာအိုကိုနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၀ရက်နေ့တွင် တရုတ်နှင့်အီရန်၊ မြန်မာနှင့်မကာအိုကိုအသင်းတို့ တွေ့ဆုံရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၁၆ရက်နေ့တွင် ရန်ကုန်ပြိုမှ ချန်ဂျူးမြို့သို့ထွက်ခွာမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၃ရက်နေ့တွင် ချန်ဂျူးအားကစားကွင်း၌ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်သည်။

> ဒီဇင်ဘာလ၁၈ရက်နေ့တွင် ပြိုင်ပွဲများစတင်မည်ဖြစ်ပြီး တရုတ်နှင့်မကာအိုကို၊ အီရန်နှင့်မြန်မာတို့ တွေ့ဆုံရမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၉ရက်နေ့တွင် မြန်မာနှင့် တရုတ်၊ မကာအိုကိုနှင့်...

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအနေဖြင့် ၂၀၁၄ မလေးရှားဆီးဂိမ်းစ်ပြိုင်ပွဲအတွက်ရည်ရွယ်၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေခြင်းလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ၂၀၁၄ခုနှစ် CFAဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း၌ ထိုင်းအသင်းကို ၇–၁၇ဂိုး၊ မကာအိုကိုအသင်းကို ၂–၁ဂိုး၊ တရုတ်လက်ရွေးစင်ဖူဆယ်အသင်းကို ၇–၂ဂိုး ဖြင့်နှုန်းထားသည်။ ၂၀၁၄ခုနှစ် ဖူဆယ်ပြိုင်ပွဲတွင် ထိုင်းလက်ရွေးစင်အသင်းက ဝိုလ်စွဲထားပြီး မြန်မာအသင်းအနေဖြင့် အတွေ့အကြုံကောင်းများရရှိရန်ရည်ရွယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

၂၀၁၆လူငယ်ချန်ပီယံဆုအတွက် ရတနာပုံအသင်း လူသစ်စုဆောင်း

မန္တလေး၊ ဒီဇင်ဘာ ၉

ရတနာပုံအသင်းသည် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ် လူငယ်အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်အတွက် လူငယ်ကစားသမားသစ်များကို ရှာဖွေစုဆောင်းနေကြောင်း သိရှိရသည်။ ရတနာပုံလူငယ်အသင်း၏နည်းပြချုပ်ဖြစ်သူ ဦးကျော်တင့်က ''ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့လူငယ်အသင်း ဒုတိယဆုစွဲခဲ့ရတာပါ။ အဲဒီတုန်းက အားနည်းချက်တွေကို ပြင်ဆင်ပို့ဆောင်ရွယ်ထားပြီး လိုအပ်နေတဲ့နေရာတွေအတွက် ကစားသမားသစ်တွေ အဓိကထားရှာဖွေနေပါတယ်''ဟု ဆိုခဲ့သည်။ လူငယ်ကစားသမားသစ်များကို မန္တလေးတိုင်းဒေသကြီးမှ ကစားသမားများအား အဓိကထားခေါ်ယူထားကြောင်း လူငယ်ကစားသမားရှာဖွေရေးတာဝန်ခံဦးဇော်ဝင်းက ဆိုခဲ့သည်။

အာဆီယံမသန်စွမ်းပြိုင်ပွဲတွင် မြန်မာတို့ ရွေ ၁၆ခု ရရှိခဲ့

စင်ကာပူ၊ ဒီဇင်ဘာ ၉

၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့မှ ၉ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့မှ ရွေတံဆိပ် ၁၆ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရှိရသည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ရေကူးအားကစားနည်းတွင် ရွေ ၉၃၊ ငွေ ၈၃၊ ကြေး ၆၃၊ စစ်တုရင်ပြိုင်ပွဲတွင် ရွေ ၄၃၊ ငွေ ၄၃၊ ကြေး ၃၃၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွေ ၃၃၊ ငွေ ၆၃၊ ကြေး ၁၄၃ ရရှိခဲ့ပြီး ဆုတံဆိပ်ပေါင်း ၆၀ဖြင့် နိုင်ငံအလိုက် အဆင့်–၆နေရာတွင် ရပ်တည်ခဲ့သည်။ မြန်မာအားကစားအဖွဲ့မှာ ၂၀၁၅အာဆီယံမသန်စွမ်းပြိုင်ပွဲသို့ အားကစားသမား ၁၃၉ဦးဖြင့် အားကစားနည်း ၈မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယူ–၁၄အကယ်ဒမီဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာနောက်ဆုံးအပတ်၌ ကျင်းပမည်

ရန်ကုန်၊ ဒီဇင်ဘာ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့မှ ပူးပေါင်းကျင်းပသည့် အသက်၁၄နှစ်အောက် ဘောလုံးအကယ်ဒမီများဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလနောက်ဆုံးအပတ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မန္တလေးဘောလုံးအကယ်ဒမီမှ (က)၊ (ခ)၊ ခွဲကပင်ယူနိုက်တက်ဘောလုံးအကယ်ဒမီမှ (က)၊ (ခ)၊ ရောဝတီယူနိုက်တက်အကယ်ဒမီ၊ ရတနာပုံအကယ်ဒမီ၊ ရန်ကုန်ယူနိုက်တက်အကယ်ဒမီနှင့် တပ်မတော်ဘောလုံးအကယ်ဒမီတို့မှ အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၆ရက်နေ့မှ ၃၁ရက်နေ့အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြက်ခင်းတုကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ရာသီသစ်အတွက် နည်းပြချုပ်ဆီဗာဂျီကို ဟံသာဝတီအသင်း သက်တမ်းတိုးမြှင့်ခဲ့

ရန်ကုန်၊ ဒီဇင်ဘာ ၉

ဟံသာဝတီယူနိုက်တက်အသင်းသည် ၂၀၁၆မြန်မာနေရှင်နယ်လိဂ် ရာသီသစ်အတွက် နည်းပြချုပ်ဆီဗာဂျီကို ၁နှစ်သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရှိရသည်။ ဟံသာဝတီအသင်းမှ တာဝန်ရှိသူများအနေဖြင့် ၂၀၁၅ ဘောလုံးရာသီဝက်တွင် အသင်းသို့ ပြန်လည်ရောက်ရှိလာပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောက်ဆောင်ရွက်ကာ တန်းမြဲအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့် နည်းပြဆီဗာဂျီကို ၁နှစ်သက်တမ်းတိုးစာချုပ်.ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ နည်းပြချုပ်ဆီဗာဂျီအနေဖြင့် ဒီဇင်ဘာလ ၁၀ရက်နေ့တွင် အသင်းသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး ရာသီသစ်အတွက် လေ့ကျင့်ပြင်ဆင်မှုများ၊ပြန်လည်ပြုလုပ်မည်ဖြစ်သည်။ ဆီဗာဂျီမှာ ဟံသာဝတီအသင်းနှင့် ၂၀၁၀ခုနှစ်းထွက်ဖလားချန်ပီယံဆုကို ဆွတ်ခူးရရှိထားသည်။

စည်သူအောင်နှင့်သီဟထက်အောင်တို့ကို စည်း/ထိန်းကော်မတီမှ ပြစ်ဒဏ်ချမှတ်

ရန်ကုန်၊ ဒီဇင်ဘာ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် သက်တမ်းအလိုက်လက်ရွေးစင်အသင်းများ နိုင်ငံတကာပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ချိန်တွင် အချိန်မီပူးပေါင်းနိုင်ခြင်းမရှိသည့် စည်သူအောင်နှင့်သီဟထက်အောင်တို့ ၂ဦးကို ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်း၏လေ့ကျင့်ရေးအစီအစဉ်ကို လာရောက်ခဲ့ခြင်းမရှိသည့် စည်သူအောင်ကို ၂၀၁၆ ဘောလုံးရာသီအတွက် ဖိပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ ၄သိန်း၊ မြန်မာ့လက်ရွေးစင်ယူ–၂၁အသင်းလေ့ကျင့်ရေးအစီအစဉ်သို့အချိန်မီပူးပေါင်းရန်ပျက်ကွက်ခဲ့သည့် သီဟထက်အောင်ကို ၂၀၁၆ဘောလုံးရာသီတွင် ၃ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ ၂သိန်းပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးတိုက်စစ်မှူးမာဆယ်လိုနှင့် နောက်ခံလူသိန်းဇော်ကို ရန်ကုန်ခေါ်ယူ

ရန်ကုန်၊ ဒီဇင်ဘာ ၉

ရန်ကုန်ယူနိုက်တက်အသင်းသည် ဘရာဇီးတိုက်စစ်မှူးမာဆယ်လိုဖာနန်ဒက်ဇ်နှင့် ဖွဲ့ကပင်နောက်ခံလူ သိန်းဇော်တို့ ၂ဦးကို ရာသီသစ်အတွက် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဘရာဇီးကလပ်အသင်းအချို့တွင် ပါဝင်ကစားခဲ့ဖူးသည့် အသက် ၂၄နှစ်အရွယ်ရှိ တိုက်စစ်မှူးမာဆယ်လိုကို ၁ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဖွဲ့ကပင်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် နောက်ခံလူသိန်းဇော်ကို ၂နှစ်သက်တမ်းရှိစာချုပ်ဖြင့်ခေါ်ယူအားဖြည့်ခဲ့သည်။ လက်ကျန်ပြည်ပကစားသမားနေရာအတွက် ဩစတြေးလျှကစားသမားတစ်ဦးကိုခေါ်ယူခြွေမိုးစမ်းသပ်ရန် စီစဉ်ထားကြောင်းသိရသည်။

နေလင်းထွန်း၊ လှိုင်မျိုးအောင်နှင့် ဟိန်းသီဟဇော်ကို ကမ္ဘောဒခေါ်ယူ

တောင်ကြီး၊ ဒီဇင်ဘာ ၉

ကမ္ဘောဒအသင်းသည် မြန်မာနေရှင်နယ်လိဂ်အပြောင်းအလွှေကာလအတွင်း၌ ပြည်တွင်းကစားသမား၃ဦးကို ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်း သိရှိရသည်။ ရောဝတီယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် တောင်ပံကစားသမားနေလင်းထွန်းနှင့် ဟိန်းသီဟဇော်တို့ကို ၃နှစ်သက်တမ်းရှိစာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ထို့အတူ ဖွဲ့ကပင်အသင်းမှ ယူ–၂၁ကစားသမားတစ်ဦးဖြစ်သည့် ကွင်းလယ်လူလှိုင်မျိုးအောင်ကို ၃နှစ်သက်တမ်းရှိစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တပ်မတော်ဘောလုံးအကယ်ဒမီကို နေပြည်တော်၌ ဒီဇင်ဘာ၆ရက်တွင်ဖွင့်လှစ်

နေပြည်တော်၊ ဒီဇင်ဘာ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တပ်မတော်နှင့်ပူးပေါင်း၍ ၂၀၁၅ ဒီဇင်ဘာလ ၆ရက်နေ့က နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ တပ်မတော်ဘောလုံးအကယ်ဒမီကို ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါဘောလုံးအကယ်ဒမီသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှဖွင့်လှစ်သည့် တတိယမြောက်ဘောလုံးအကယ်ဒမီလည်းဖြစ်သည်။ မန္တလေးအကယ်ဒမီနှင့် ပုသိမ်အကယ်ဒမီတို့အပြီးဖွင့်လှစ်သည့် ယင်းအကယ်ဒမီတွင် အသက် ၁၁နှစ်အောက် လူငယ်ကစားသမား၅၀ဦးကို ဘရာဇီးနည်းပြများကိုစိစစ်နှင့် ပြည်တွင်းနည်းပြ၃ဦးက ပူးတွဲ၍ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

News in Brief

- ကမ္ဘောဒအသင်းသို့ပြောင်းရွှေ့ခဲ့သည့် ကွင်းလယ်လူနေလင်းထွန်းက ကစားသမားတစ်ဦးအနေဖြင့် အမှတ်ပေးချန်ပီယံဆုကိုရရှိလိုရှိ၍ ပြင်ဆင်မှုကောင်းသည့် ကမ္ဘောဒအသင်းထံသို့ပြောင်းရွှေ့ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။
- ရခိုင်ယူနိုက်တက်အသင်းသည် ၂၀၁၆ ဘောလုံးရာသီအတွက် နောက်ခံလူကျော်နိုင်မြင့်နှင့် ဥာဏ်လင်းထက်၊ ကွင်းလယ်လူထွန်းထွန်းဦးနှင့် သူရကိုကို(၂)၊ ဂိုးသမား စိုးမိုးကျော်တို့ကို ၁နှစ်သက်တမ်းရှိသက်တမ်းတိုးစာချုပ်.ချုပ်ဆိုခဲ့သည်။
- ဒိုင်ကော်မတီသည် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များတွင် တာဝန်ထမ်းဆောင်မည့်ဒိုင်လူကြီးများအနေဖြင့် ၂၀၁၆ ဧန်နဝါရီလ၁ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

ဒီဇင်ဘာ ၁၆/၁၇/၁၈

ကိုပါအီတာလီယာဖလား ၁၆သင်းအဆင့် ပွဲကြို

ဂျိုနီဘာ - အလက်ဆန်ဒရီယာ

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀၊၄-၀၅	အလက်ဆန်	၁ - ၀	ဂျိုနီဘာ
၃၀၊၄-၀၅	ဂျိုနီဘာ	၁ - ၁	အလက်ဆန်
၁၅-၆၀	အလက်ဆန်	၂ - ၁	ဂျိုနီဘာ

အလက်ဆန်ဒရီယာဟာ လီဂါပရိုမိုးရှင်းလင်းခဲ့ပေမယ့် ပြီးခဲ့တဲ့အဆင့်တုန်းက ပါလာမိုလိုအသင်းကိုတောင် ကျော်ဖြတ်ပြခဲ့တာဖြစ်လို့ မိနစ်၉၀ အတွင်း ဧည့်သည်ကိုရွေးရမှာပါ။

အင်တာမီလန် - ကက်ဂလီယာရီ

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၄-၂၁	ကက်ဂလီယာရီ	၁ - ၂	အင်တာမီလန်
၂၈-၉၀	အင်တာမီလန်	၁ - ၃	ကက်ဂလီယာရီ
၂၃-၂၀	အင်တာမီလန်	၁ - ၁	ကက်ဂလီယာရီ

အင်တာမီလန်ဟာ ဒီရာသီမှာ စီးဇီးအောချန်ပီယံဆုကို မျှော်လင့်ထားခြင်းမရှိတာကြောင့် ကိုပါအီတာလီယာကို ပစ်မှတ်ထားနေပုံပါပဲ။ အင်တာမီလန်ပဲ ဂိုးပြတ်နိုင်မှာပါ။

ဂျီးမား - စပီဇီယာ

နောက်ဆုံးအကြိမ်တွေ့ဆုံမှုရလဒ်

မရှိ

ဂျီးမားဟာ ချန်ပီယံလိဂ်မှာ အဆုံးအဖြတ်ပွဲကစားခဲ့ရသလို စီးဇီးအေမှာလည်းပွဲကျပ်ကစားခဲ့ရတာကြောင့် ပွဲပန်နေမှာ အသေအချာပါပဲ။ စပီဇီယာက စီးဇီးဘီကလပ်ဆိုပေမယ့် ခံကန်အားကောင်းလို့ ဂျီးမားကို ပြတ်ပြတ်သားသားမရှုံးနိုင်ပါဘူး။

ပီအိုရင်တီးနား - ကာပီ

နောက်ဆုံးအကြိမ်တွေ့ဆုံမှုရလဒ်

၂၀-၉၁	ကာပီ	၀ - ၁	ပီအိုရင်တီးနား

ပီအိုရင်တီးနားရဲ့ လက်ရှိခြေစွမ်းနဲ့ဆိုရင် ဒီရာသီမှာ ဆုဖလားတစ်လုံးရသင့်ပြီး ကိုပါအီတာလီယာကလည်း ဖြစ်နိုင်ခြေများပါတယ်။ ကာပီက အဝေးကွင်းဆိုရင် ကစားပုံပျက်ယွင်းတတ်တာကြောင့် ပီအိုရင်တီးနားပဲဂိုးပြတ်နိုင်ပွဲရပါလိမ့်မယ်။

နာပိုလီ - ဗီရိုနာ

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၂-၁၁	ဗီရိုနာ	၀ - ၂	နာပိုလီ
၁၅-၃-၁၅	ဗီရိုနာ	၂ - ၀	နာပိုလီ
၂၆-၀၀-၁၄	နာပိုလီ	၆ - ၂	ဗီရိုနာ

ဒီရာသီမှာ ဗီရိုနာရဲ့ ခြေစွမ်းက အတော်လေးကျဆင်းနေပြီး ပြီးခဲ့တဲ့အဆင့်တုန်းက အသင်းငယ်လေးကိုတောင် ခက်ခဲစွာကျော်ဖြတ်ခဲ့ရလို့ နာပိုလီပဲ ဂိုးပြတ်နိုင်မှာပါ။

ဂျူဗင်တပ် - တိုရိနို

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀-၀၀-၁၅	ဂျူဗင်တပ်	၂ - ၁	တိုရိနို
၂၆-၄-၁၅	တိုရိနို	၂ - ၁	ဂျူဗင်တပ်
၃၀-၀၀-၁၅	ဂျူဗင်တပ်	၂ - ၁	တိုရိနို

ဂျူဗင်တပ်အိမ်ကွင်းဆိုပေမယ့် တူရင်ဒါဘီဖြစ်လို့ ဂျူဗင်တပ်ဘယ်လိုမှ အသာမရနိုင်ပါဘူး။ စီးဇီးအေမှာတွေ့တုန်းက ကပ်နိုင်ခဲ့ပေမယ့် ဒီပွဲမှာ တိုရိနိုပွဲဆိုခဲ့အတွင်းသရေရမှာပါ။

လာဇီယို - အူဒီနီစ်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀-၉-၁၅	လာဇီယို	၂ - ၀	အူဒီနီစ်
၁၅-၂-၁၅	အူဒီနီစ်	၀ - ၁	လာဇီယို
၂၆-၉-၁၄	လာဇီယို	၀ - ၁	အူဒီနီစ်

လာဇီယိုဟာ အခုနောက်ပိုင်းခြေစွမ်းကျဆင်းလာပေမယ့် အိမ်ကွင်းကစားအားကိုတော့ လျှော့တွက်လို့ မရပါဘူး။ အူဒီနီစ်က တိုက်စစ်ကျဆင်းနေလို့ အိမ်ရှင်နဲ့ဂိုးအောက်ပါ။

ဆမ်ဒိုးရီးယား - အေစီမီလန်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၉-၁၀-၁၅	အေစီမီလန်	၄ - ၁	ဆမ်ဒိုးရီးယား
၃၀-၄-၁၅	အေစီမီလန်	၁ - ၁	ဆမ်ဒိုးရီးယား
၉-၁၀-၁၄	ဆမ်ဒိုးရီးယား	၂ - ၂	အေစီမီလန်

စီးဇီးအေမှာတွေ့တုန်းက အေစီမီလန်တို့ အံ့အားသင့်ဖွယ်ဂိုးပြတ်အနိုင်ရပေမယ့် ဆမ်ဒိုးရီးယားအိမ်ကွင်းမှာတော့ မလွယ်ပါဘူး။ ဆမ်ဒိုးရီးယားကိုပဲကြိုက်တယ်။

ဒီဇင်ဘာ ၁၆/၁၇

ဂျာမန်ပိုကယ်ဖလား ၁၆သင်းအဆင့် ပွဲကြို

အန်တာဟတ်ချင်း - လေတကူဆင်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၄-၂-၁၀	အန်တာဟတ်ချင်း	၁ - ၂	လေတကူဆင်
၁၉-၉-၀၀	လေတကူဆင်	၁ - ၀	အန်တာဟတ်ချင်း
၂၁-၂၀၀၁	အန်တာဟတ်ချင်း	၂ - ၀	လေတကူဆင်

အန်တာဟတ်ချင်းဟာ အပျော်တမ်းအဆင့်သာရှိပေမယ့် အသင်းကြီးတွေကိုဆိုရင် ဒုက္ခပေးလေ့ရှိတတ်တာကြောင့် ဒီပွဲမှာ ပွဲချိန်အတွင်း အိမ်ရှင်အသင်းငယ်ကိုပဲရွေးထားပါ။

ဂလက်ဘတ် - ဝါဒါဘရီမင်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀-၀-၁၅	ဝါဒါဘရီမင်	၂ - ၁	ဂလက်ဘတ်
၁၆-၄-၁၅	ဝါဒါဘရီမင်	၀ - ၂	ဂလက်ဘတ်
၃၀-၁-၁၅	ဝါဒါဘရီမင်	၃ - ၂	ဂလက်ဘတ်

တောက်လျှောက်ခြေစွမ်းတက်နေတဲ့ ဂလက်ဘတ်ဟာ ပိုကယ်ဖလားကိုဆိုရင် ပိုမိုအာရုံစိုက်ကစားလေ့ရှိတတ်တာကြောင့် ခံစစ်ညံ့တဲ့ ဝါဒါဘရီမင်ကို ဂိုးပြတ်နိုင်မှာပါ။

အာဇီဘတ် - ဟီဒန်ဟိမ်း

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၇-၃-၁၅	ဟီဒန်ဟိမ်း	၂ - ၂	အာဇီဘတ်
၃၀-၄-၁၅	အာဇီဘတ်	၁ - ၁	ဟီဒန်ဟိမ်း
၂၈-၂-၁၀	ဟီဒန်ဟိမ်း	၀ - ၀	အာဇီဘတ်

အာဇီဘတ်က တတိယတန်းအသင်းဖြစ်ပြီး ဟီဒန်ဟိမ်းကတော့ ဒုတိယတန်းအသင်းပါ။ ဒါပေမဲ့ လက်ရှိမှာ ခြေစွမ်းကောင်းနေတဲ့ အာဇီဘတ်ကိုပဲ အားပေးချင်တယ်။

ဘိုင်ယန်မြူးနစ် - ဒရမ်စတက်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀-၉-၁၅	ဒရမ်စတက်	၀ - ၃	ဘိုင်ယန်
၂၇-၁၀-၁၅	ဘိုင်ယန်	၄ - ၁	ဒရမ်စတက်
၁၅-၀-၁၀	ဒရမ်စတက်	၁ - ၂	ဘိုင်ယန်

ဘိုင်ယန်မြူးနစ်ဟာ အခုပွဲမှာ သေချာပေါက်အရန်တွေနဲ့ ပွဲထွက်လာမှာဖြစ်ပြီး ထုံးစံအရလည်း ဝိုကယ်ဖလားမှာ ဂိုးပြတ်နိုင်တာရှားပါတယ်။ ဒရမ်စတက်နဲ့စွန့်စားပါ။

နရင်ဘတ် - ဟာသာဘာလင်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၂-၁၄	ဟာသာဘာလင်	၁ - ၃	နရင်ဘတ်
၁၈-၀-၁၃	နရင်ဘတ်	၂ - ၂	ဟာသာဘာလင်
၂၁-၁-၁၂	နရင်ဘတ်	၂ - ၀	ဟာသာဘာလင်

ဟာသာဘာလင်တို့ ဘွန်ဒက်စ်လီဂါမှာ အစွမ်းပြနေပေမယ့် ဒုတိယတန်းကလပ်နရင်ဘတ်ကလည်း အိမ်ကွင်းရှုံးပွဲမရှိတာကြောပါပြီ။ အိမ်ရှင်ပဲ ရလဒ်ကောင်းရမှာပါ။

စတုဂတ် - ဘရန်းရွဝစ်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၈-၃-၁၄	စတုဂတ်	၂ - ၂	ဘရန်းရွဝစ်
၂၉-၉-၁၃	ဘရန်းရွဝစ်	၀ - ၄	စတုဂတ်
၉-၂-၀၅	ဘရန်းရွဝစ်	၃ - ၁	စတုဂတ်

စတုဂတ်တို့ ဘွန်ဒက်စ်လီဂါမှာ အခြေအနေဆိုးနေပြီး ဝိုကယ်ဖလားမှာလည်း ခြေစွမ်းပြနိုင်လေ့မရှိပါဘူး။ ဒုတိယတန်းကလပ်ဘရန်းရွဝစ်နဲ့ လက်တွဲချင်တယ်။

အော့စ်ဘတ် - ဒွဲမန်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၅-၁၀-၁၅	ဒွဲမန်	၅ - ၁	အော့စ်ဘတ်
၅-၂-၁၅	ဒွဲမန်	၀ - ၁	အော့စ်ဘတ်
၃၀-၈-၁၄	အော့စ်ဘတ်	၂ - ၃	ဒွဲမန်

ဒွဲမန်ဟာ လတ်တလောတိုက်စစ်အစွမ်းထက်နေပေမယ့် အရန်တွေပွဲထွက်လာရင် ခြေစွမ်းပြနိုင်လေ့မရှိပါဘူး။ အော့စ်ဘတ်နဲ့ ဂိုးအများကို ရွေးထားချင်တယ်။

၁၈ဝ၀ပြူးနစ် - ဘိုချမ်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၁၉-၃-၁၅	ဘိုချမ်	၁ - ၀	၁၈ဝ၀ပြူးနစ်
၁၈-၄-၁၅	၁၈ဝ၀ပြူးနစ်	၂ - ၁	ဘိုချမ်
၂၂-၁၀-၁၄	ဘိုချမ်	၀ - ၃	၁၈ဝ၀ပြူးနစ်

ဘွန်ဒက်စ်လီဂါဒုတိယတန်းကအသင်းနှစ်သင်းတွေ့ဆုံတဲ့ပွဲဖြစ်ပြီး လတ်တလောမှာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ အိမ်ရှင်ပဲ မထင်မှတ်ဘဲ နိုင်ပွဲရသွားနိုင်ပါတယ်။

ဒီဇင်ဘာ ၁၆/၁၇

ပြင်သစ်လိဂ်ဖလား ၁၆သင်းအဆင့် ပွဲကြို

လိုင်လီ - လာဗယ်လ်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၀-၅၀၀	လိုင်လီ	၁ - ၀	လာဗယ်လ်
၃၀-၀-၀၃	လာဗယ်လ်	၀ - ၁	လိုင်လီ
၃-၄-၀၃	လာဗယ်လ်	၁ - ၀	လိုင်လီ

လာဗယ်လ်က လီဂူး-၂ကလပ်ဆိုပေမယ့် နောက်ဆုံးဒွဲပွဲဆက်မှုံးခဲ့ဘဲ ခြေစွမ်းကောင်းပြသထားလို့ လိုင်လီလွယ်လွယ်ဂိုးမရနိုင်ပါဘူး။ ဂိုးအောက်ပိုသေချာပါတယ်။

ဂူအင်ဂမ့် - နိက်စ်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀-၉-၁၅	နိက်စ်	၀ - ၁	ဂူအင်ဂမ့်
၃၀-၃-၁၅	နိက်စ်	၁ - ၂	ဂူအင်ဂမ့်
၂၆-၁၀-၁၄	ဂူအင်ဂမ့်	၂ - ၇	နိက်စ်

နှစ်သင်းစလုံးလတ်တလောမှာ ရလဒ်ဆိုးတွေနဲ့ ရင်ဆိုင်နေရပြီး ဂူအင်ဂမ့်က တန်းဆင်းဇုန်ဖိအားပါရှိနေလို့ ဖလားပြိုင်ပွဲကို ပိုပိုအားစိုက်ခွင့်မရှိပါဘူး။ ဧည့်သည်ကိုရွေးပါ။

လိုရိုးယန့် - ဒီဂျွန်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၇-၁၁	လိုရိုးယန့်	၀ - ၀	ဒီဂျွန်
၂၀-၀-၁၁	ဒီဂျွန်	၂ - ၀	လိုရိုးယန့်
၁၇-၂၀၆	လိုရိုးယန့်	၁ - ၀	ဒီဂျွန်

လိုရိုးယန့်ဟာ ပြင်သစ်လိဂ်ဖလားနောက်ဆုံးဂုပွဲဆက်ရှုံးပြီး ဂုပွဲစဉ်လုံးကိုးဖယ္ဒင်းနိုင်ခဲ့လို့ လီဂူး-၂အမှတ်ပေးဖယ်ရားကိုဦးဆောင်နေတဲ့ ဧည့်သည်ဒီဂျွန်နဲ့ လက်တွဲထားရမှာပါ။

ရန်းနက်စ် - တူးလော့စ်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၃၀-၀-၁၅	ရန်းနက်စ်	၃ - ၁	တူးလော့စ်
၁၅-၂-၁၅	တူးလော့စ်	၂ - ၁	ရန်းနက်စ်
၂၄-၉-၁၄	ရန်းနက်စ်	၀ - ၃	တူးလော့စ်

တူးလော့စ်ဟာ တန်းဆင်းဇုန်ထဲရောက်နေသလို အဝေးကွင်းကစားအားကလည်း စိတ်မချရပါဘူး။ အိမ်ကွင်းရလဒ်ဆိုးတွေကနေရုန်းထွက်မယ့် ရန်းနက်စ်နဲ့ စွန့်စားချင်တယ်။

ဂေါ်ဒိုး - ပိုနာကို

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၉-၁၀-၁၅	ဂေါ်ဒိုး	၃ - ၁	ပိုနာကို
၁၂-၁၀-၁၅	ပိုနာကို	၀ - ၀	ဂေါ်ဒိုး
၁၈-၈-၁၄	ဂေါ်ဒိုး	၄ - ၁	ပိုနာကို

ပိုနာကိုဟာ ဂေါ်ဒိုးအိမ်ကွင်းနောက်ဆုံး၂ပွဲဆက်ဂိုးပြတ်ရှုံးထားပြီး လတ်တလောမှာလည်း အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းနေလို့ ဂေါ်ဒိုးကိုပဲရွေးပါ။

ပါရွန်နက်စ် - ဟဘေး

နောက်ဆုံးအကြိမ်တွေ့ဆုံမှုရလဒ်

၁၅-၂၁	ပါရွန်နက်စ်	၁ - ၃	ဟဘေး

ပါရွန်နက်စ်ဟာ လီဂူး-၂မှာ အိမ်ကွင်းရလဒ်အထူးကောင်းမွန်နေတာကြောင့် မာဆေးကိုလည်း ဒုက္ခပေးနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ မာဆေးကလည်း အဝေးကွင်းဆိုရင် ဝိုပိုရလဒ်ကောင်းလေ့ရှိတာကြောင့် ဧည့်သည်ကိုပဲရွေးချင်တယ်။

လိုင်ယွန် - တိုစ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှုရလဒ်

မရှိ

တောက်လျှောက်ရလဒ်ဆိုးနေတဲ့ လိုင်ယွန်တို့ ပွဲပန်းမှုဒဏ်လည်း ရှိနေတာကို သတိပြုရမှာပါ။ တိုးစ်က လီဂူး-၂ကလပ်ဆိုပေမယ့် ခံကန်အားကောင်းမွန်တာကြောင့် လိုင်ယွန်တို့ကိုက်စစ်ကိုလည်း ခုခံနိုင်ဦးမှာပါ။ ပွဲချိန်အတွင်း ဂိုးနည်းမယ့်ပွဲပါ။

ပီအက်စ်ဂျီ - စိန့်အက်တီယန်

နောက်ဆုံးဂုဏ်မှတ်တွေ့ဆုံမှုရလဒ်များ

၂၆-၁၀-၁၅	ပီအက်စ်ဂျီ	၄ - ၁	စိန့်အက်တီယန်
၉-၄-၁၅	ပီအက်စ်ဂျီ	၄ - ၁	စိန့်အက်တီယန်
၂၆-၁၀၂၀၁၄	စိန့်အက်တီယန်	၀ - ၁	ပီအက်စ်ဂျီ

ပီအက်စ်ဂျီဟာ ရာသီပျဖလားကို သိမ်းကျုံးယူဖို့ရည်ရွယ်နေပြီး လိဂ်ဖလားနောက်ဆုံးပွဲဆက်လည်း နိုင်ထားလို့ နောက်ဆုံး၂ကြိမ်တွေ့ဆုံတုန်းကလို ဂိုးပြတ်နိုင်ဦးမှာပါ။

ဒီဇင်ဘာ ၁၆/၁၇/၁၈

စပိန်ဘုရင့်ဖလား ၃၂သင်းအဆင့် (ဒုတိယအကျော့) ပွဲကြို

သရေကျခဲ့သလို လာလီဂါမှာတုန်းကလည်း ၁-၁သရေရလဒ်သာထွက်ပေါ်ခဲ့တာပါ။ နှစ်သင်းစလုံးတိုက်စစ်ညံ့ဖျင်းတာကြောင့် ဒီပွဲက တစ်ဂိုးထက်မပိုဘဲ ဂိုးအောက်ပြန်နိုင်တယ်။

ဘီလ်ဘာအို - လင်နက်ဆီ

ပထမအကျော့ရလဒ်

၄-၁၂-၁၅	လင်နက်ဆီ	၀ - ၂	ဘီလ်ဘာအို

ဘီလ်ဘာအိုဟာ ပထမအကျော့က ၂ဂိုးပြတ်သာနိုင်ထားလို့ အခုပွဲမှာ သိပ်ပေါ့ဆရမယ်မထင်ပါဘူး။ အရန်တွေပွဲထွက်လာမယ်ဆိုရင်တောင် အိမ်ကွင်းတိုက်စစ်အထူးထက်မြက်တာကြောင့် အနိမ့်ဆုံး၃ဂိုးပြတ်နိုင်ဖို့များနေပါတယ်။

အီဘာ - ပွန်ဖာရာဒီနာ

ပထမအကျော့ရလဒ်

၄-၁၂-၁၅	ပွန်ဖာရာဒီနာ	၃ - ၀	အီဘာ

အီဘာဟာ ပထမအကျော့က ဂိုးပြတ်အရှုံးကြောင့် အခုပွဲမှာ အစွမ်းကုန်တိုက်စစ်ဖွင့်လာနိုင်တယ်ဆိုပေမယ့် ပွန်ဖာရာဒီနာကလည်း ခံစစ်ပိတ်ကစားမှာ သေချာပါတယ်။ ဂိုးရဖို့ရည်ရွယ်မှာမဟုတ်တဲ့ ပွန်ဖာရာဒီနာကြောင့် နှစ်သင်းပေါင်းသွင်းဂိုးအနည်းကိုပဲ စိတ်ဝင်စားပါတယ်။

ဂီတာဗေး - ဗယ်လင်္ကာနို

ပထမအကျော့ရလဒ်

၄-၁၂-၁၅	ဗယ်လင်္ကာနို	၂ - ၀	ဂီတာဗေး

ဂီတာဗေးဟာ ပထမအကျော့အရှုံးကြောင့် တိုက်စစ်ဖွင့်ကစားဖို့ရှိပြီး ဗယ်လင်္ကာနိုအဝေးကွင်းခံစစ်ကလည်း စိတ်ချရတဲ့အဆင့်မှာမရှိလို့ ဂိုးပေးရမှာသေချာပါတယ်။ အိမ်ရှင်ဂီတာဗေးနဲ့ လက်တွဲပါ။

ဗလင်စီယာ - ဘရာကယ်လ်ဒို

ပထမအကျော့ရလဒ်

၄-၁၂-၁၅	ဘရာကယ်လ်ဒို	၁ - ၃	ဗလင်စီယာ

ဗလင်စီယာဟာ ပွဲဆက်များနေပြီး လာလီဂါမှာလည်း မျှော်လင့်ထားတဲ့ အဆင့်တစ်ခုရောက်အောင် ရုန်းကန်ကစားနေရတဲ့ အချိန်ပြစ်လို့ ဒီပွဲမှာ အနာခံဖို့မရှိပါဘူး။ အောက်အသင်းနဲ့ စွန့်စားသင့်တဲ့ပွဲပါ။

မာလာဂါ - မီရန်ဒက်စ်

ပထမအကျော့ရလဒ်

၄-၁၂-၁၅	မီရန်ဒက်စ်	၂ - ၁	မာလာဂါ

မာလာဂါဟာ ပထမအကျော့က မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပေမယ့် ခြေစွမ်းတော့ မည့်ဖျင်းခဲ့ပါဘူး။ အခုပွဲက အိမ်ကွင်းပွဲဖြစ်ပြီး မီရန်ဒက်စ်ရဲ့ အဝေးကွင်းခံစစ်ကလည်း ပွဲတိုင်းနီးပါးဂိုးပေးနေရတာကြောင့် မာလာဂါနဲ့ပဲ လက်တွဲထားသင့်တယ်။

ဆိုစီဒက် - လက်စ်ပါးမက်စ်

ပထမအကျော့ရလဒ်

၄-၁၂-၁၅	လက်စ်ပါးမက်စ်	၂ - ၁	ဆိုစီဒက်

ဆိုစီဒက်ဟာ ပထမအကျော့က အရှုံးကိုပါထည့်တွက်ရင် လက်စ်ပါးမက်စ်အိမ်ကွင်း၂ပွဲဆက်တိုက် အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ ပြန်လည်လက်စားချေနိုင်ဖို့ရှိပါတယ်။

အက်သလက်တီကို - ဒီပေါ်တီယူ

ပထမအကျော့ရလဒ်

၂၁၂၅	ဒီပေါ်တီယူ	၁ - ၂	အက်သလက်

ပထမအကျော့တုန်းက အက်သလက်တီကိုတို့ ထိန်းထိန်းသိမ်းသိမ်းကစားသွားခဲ့ပေမယ့် ဒီပွဲမှာတော့ အသင်းငယ်လေးဒီပေါ်တီယူကို အခွင့်အရေးပေးမှာ မဟုတ်ပါဘူး။ အက်သလက်တီကိုပဲ ဂိုးပြတ်နိုင်မှာပါ။

ဆဲလ်တာဗီဂို - အဲလ်ဟရီးယား

ပထမအကျော့ရလဒ်

၃-၁၂-၁၅	အဲလ်ဟရီးယား	၁ - ၃	ဆဲလ်တာဗီဂို

ပထမအကျော့အဝေးကွင်းတုန်းကတောင် ဂိုးပြတ်နိုင်ခဲ့တဲ့ ဆဲလ်တာဗီဂိုဟာ အိမ်ကွင်းမှာ အသင်းကြီးတွေကိုတောင် ဝိုလ်မထားတာကြောင့် အဲလ်ဟရီးယားကိုလည်း ထပ်မံဂိုးပြတ်အနိုင်ယူဖို့ရှိပါတယ်။

ဂရာနာဒါ - လီဂါနက်စ်

ပထမအကျော့ရလဒ်

၂၁၂၅	လီဂါနက်စ်	၂ - ၁	ဂရာနာဒါ

လီဂါနက်စ်ဟာ ပထမအကျော့က နိုင်ပွဲရထားတာကြောင့် အခုပွဲမှာ ခံစစ်ကိုအသားပေးလာနိုင်ပါတယ်။ ဂရာနာဒါက ခံစစ်ပိတ်ကစားတဲ့ အသင်းတွေကို ထိုးဖောက်နိုင်တဲ့ တိုက်စစ်မျိုးမရှိလို့ ဂိုးအောက်ကိုရွေးပါ။

ဗီလာရီးရဲလ် - ဟူအက်စ်ကာ

ပထမအကျော့ရလဒ်

၄-၁၂-၁၅	ဟူအက်စ်ကာ	၃ - ၂	ဗီလာရီးရဲလ်

ပထမအကျော့တုန်းက ဗီလာရီးရဲလ်တို့ အံ့အားသင့်ဖွယ်အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ ပြန်လည်ပေါက်ကွဲပြဖို့ လိုအပ်နေပါပြီ။ ဟူအက်စ်ကာခံစစ်က အဝေးကွင်းမှာ တည်ငြိမ်မှုအားနည်းလို့ ဗီလာရီးရဲလ်ကို အပိုင်ရွေးထားသင့်ပါတယ်။

သံယောဇဉ်ကြိုးချည်နှောင်ခံရဟုဆိုကာ ဒာကရင်ဟကိုးလ်

အင်္ဂလန်နောက်ခံလူဟောင်း အက်ရှ်လေကိုးလ်ဆိုတာ သိပ်ရွှမ်း သိပ်ပွေတဲ့သူအဖြစ် ထင်ရှားလှပေမယ့် ရိုးမားအသင်းကို ရောက်ပြီးနောက်ပိုင်းမှာတော့ အတော်လေးခြေငြိမ်သွားခဲ့ပါတယ်။ မိန်းမကိစ္စနဲ့ပတ်သက်တဲ့ အရှုပ်သတင်းတွေ သိပ်မတွေ့ရတော့သလို အခုနောက်ပိုင်းမှာလည်း ဒီလို သတင်းမျိုးပြင်တွေ့ရဖို့ဆိုတာ ပိုလိုတောင် ခက်ခဲသွားပါပြီ။ ဘာလို့လဲဆိုရင် အသက် ၃၄နှစ် အရွယ်ရှိ အက်ရှ်လေကိုးလ် တစ်ယောက် မကြာမီအချိန် အတွင်းမှာ မိဘနေရာ ရောက်လာတော့မှာဖြစ်လို့ပါပဲ။ သူဟာ ရိုးမားကိုရောက်ပြီး နောက်ပိုင်း ချစ်ကြိုက်ခဲ့တဲ့ အီတလီမော်ဒယ်ရှာရွှန်ကာန္ဒနဲ့ ကလေးရရှိတော့မှာဖြစ်ပါတယ်။ အခုဆိုရင် သူ့ချစ်သူ ရာရွှန်ကာန္ဒရဲ့ကိုယ်ဝန်ဟာ ၆လရှိနေပြီဖြစ်ပြီး အက်ရှ်လေကိုးလ်တစ်ယောက်လည်း အဖေတစ်ယောက်ဖြစ်လာတော့မှာပို့ အတော်လေးပျော်နေတယ်ဆိုပဲ။ နီးစပ်သူတစ်ဦးက "သူ အရမ်းပျော်နေပါတယ်။ သူအနေနဲ့ ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလား ဆိုတာကို ထုတ်ပြော ဖို့အတွက်လည်း မစောင့်နိုင်အောင် ဖြစ်နေပါတယ်" လို့ ဖွင့်ဟသွားခဲ့ တာပါ။

သက္ကရာဇ်ဦး ရေးသားသည်။

ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဖိအားများလျော့ချနည်း

ပြီးခဲ့တဲ့စနေနေ့တုန်းက ဘိုင်ယန်မြူးနစ် အသင်းဟာ ဒီရာသီ ပထမဆုံးဘွန်ဒက်စ်လီဂ်ရုံးပွဲအဖြစ် ဂလက်ဘတ်အသင်းကို ၃-၁ ဂိုးနဲ့အရေးနိုင်ခဲ့ရတာကြောင့် အဲ့အားသင့်စရာဖြစ်ခဲ့ရပြီး စိတ်ပျက်ဖွယ်လည်းဖြစ်ခဲ့ရပါတယ်။ တချို့အသင်းတွေကတော့ အခုလိုမျိုး အခြေအနေနဲ့ကြုံလာရင် ဖိအားပေါ်ဖိအားဆင့်ပြီး စည်းကမ်းတင်းကျပ်တာမျိုးတွေပြုလုပ်လေ့ရှိပေမယ့် ဘိုင်ယန်မြူးနစ်အသင်းကတော့ ဒီလိုအနေအထားမျိုးကို လက်ခံပုံမရပါဘူး။ ဂျိဒီယိုလာအပါအဝင် ဘိုင်ယန်မြူးနစ်အသင်းသား အများစုဟာ ဂလက်ဘတ်ကိုရှုံးပြီး သိပ်မကြာခင်မှာ ခရစ္စမတ်ပါတီပွဲကို ပျော်ပျော်ရွှင်ရွှင်တက်ရောက်ခဲ့ပြီး အားလုံးဟာ အသင်းရှုံးခဲ့လို့ စိတ်ညစ်နေတဲ့ပုံစံမျိုးလည်းမပေါ်ပါဘူး။ ဒီပွဲကို ဂျိဒီယိုလာတို့မိသားစုအပြင် လီဝန်ဒေါစကီး၊ အလွန်ဆို၊ ရော်ဘင်၊ ဖိလစ်လမ်း၊ မူလာ စတဲ့ ကစားသမားတွေကလည်း သူတို့ရဲ့ချစ်သူ၊ ဇနီးတွေနဲ့အတူတက်ရောက်ခဲ့ပြီး ပျော်ပျော်ရွှင်ရွှင်ပဲ ရှိခဲ့ကြပါတယ်။ ဒါဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ဖိအားလျော့ချနည်းတစ်မျိုးလား ထင်မှတ်စရာရှိပါတယ်။

စိုင်ရာနယ်ဦးက ယောကျ်ားချင်းရုံးပိတ်ခံရသူ ဂျော်ဦးလားဟေး

မှန်ကန်တဲ့လက်တွဲဖော်ရာဖို့လိုအပ်နေတယ်လို့ ဖွင့်ဟထားတဲ့ စိရော်နယ်ဒို့ရဲ့စကားနဲ့ ပတ်သက်ပြီး အားလုံးက စိတ်ဝင်စားနေကြပေမယ့် အခုအခါမှာတော့ စိရော်နယ်ဒို့နဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့ သတင်းတစ်ပုဒ်က အံ့အားသင့်စရာပါ။ ပြင်သစ်ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ရွှင်အိုလိုဆိုသူက စိရော်နယ်ဒို့ဟာ လိင်တူဆက်ဆံရေး ရှိသူတစ်ဦးဖြစ်နိုင်ကြောင်း ဖော်ထုတ်လိုက်တာပဲဖြစ်ပါတယ်။ သူ့ရဲ့တင်ဆက်မှုကိုထပ်မံမွမ်းမံပြီး The Sunသတင်းစာက ထုတ်ဖော်ရေးသားလိုက်တာကတော့ စိရော်နယ်ဒို့ဟာ မော်ရိုကိုလက်ဝဲသမားဟာရီထံ မကြာခဏသွားရောက်နေပြီး အခုရက်ပိုင်းမှာဆိုရင်နေ့စဉ်တိုင်းလိုဖြစ်နေတယ်လို့ဆိုပါတယ်။ သူဟာရီးရဲလ်မက်ဒရစ်ရဲ့လေ့ကျင့်ရေးအစီအစဉ်ပြီးတာနဲ့ဟာရီရှာမော်ရိုကိုနိုင်ငံဆီကိုယ်ပိုင်ဂျက်လေယာဉ်နဲ့သွားရောက်လေ့ရှိပြီး တစ်ပတ်ကို ၃ရက်၊ ၄ရက်အထိသွားနေတယ်လို့ ထုတ်ဖော်ရေးသားလိုက်တာဖြစ်ပါတယ်။ ထွက်ပေါ်လာတဲ့ ဓာတ်ပုံအထောက်အထားတွေအရလည်း သူတို့ဦးရဲ့ဆက်ဆံရေးဟာ သံသယဖြစ်ဖွယ်ကောင်းနေတာကြောင့် စိရော်နယ်ဒို့ဟာ တကယ်ပဲယောကျ်ားချင်းခုံမင်သူတစ်ဦးဖြစ်နေသလားဆိုတာ စိတ်ဝင်စားစရာပါပဲ။

ဒေနေဝေးပို့ပေးခဲ့သွားတဲ့ ဒီပေးတို့ရုံတွဲ

အပျော်အပါးမက်တဲ့ ဒီပေးတစ်ယောက် စည်းကမ်းကြီးလှတဲ့ မန်ယူနည်းပြကြီး ဗန်ဂိုးလ်ရဲ့လက်အောက်မှာ မပျော်မရွှင်ဖြစ်နေတယ်လို့ အစောပိုင်းကသတင်းတွေ ထွက်ပေါ်ခဲ့ဖူးပါတယ်။ အခုတော့ဒီပေးတစ်ယောက် မပျော်ရတဲ့အထဲ အသည်းကွဲလို့စိတ်ညစ်ရတဲ့ဇေနနာကိုပါ ခံစားရမယ့်ကိန်းဆိုက်နေပါပြီ။ သူဟာမန်ယူကိုရောက်ပြီးသိပ်မကြာခင်မှာ ကာရ္ဗချီထရန်ဒီးနဲ့ချစ်သူဖြစ်ခဲ့ပေမယ့် ကံဆိုးချင်တော့ သူတို့ဦးဟာ အနေနီးစပ်မှုမရှိလုပါဘူး။ ဒီယက်နမ်သွေးစပ်တဲ့ကာရ္ဗချီထရန်ဟာအမေရိကန်မှာအခြေချနေထိုင်သူဖြစ်တာကြောင့်ဗန်ဂိုးလ်ရဲ့ထိန်းချုပ်မှုအောက်မှာရောက်နေတဲ့ ဒီပေးတစ်ယောက် ချစ်သူနဲ့အမြဲလိုလိုအနေဝေးနေခဲ့ရတာပါ။ ဒါကြောင့်ပဲ အခုအခါမှာ သူတို့ဦးဟာ လမ်းခွဲသွားခဲ့ပြီး ကာရ္ဗချီထရန်ဟာ အမေရိကန်မှာ မော်ဒယ်လုပ်ငန်းတွေနဲ့မအားလပ်နိုင်တာကြောင့် မန်ချက်စတာမြို့ကိုအလည်လာဖို့မဖြစ်နိုင်သလို ဒီပေးဟာလည်း စည်းကမ်းကြီးတဲ့ဗန်ဂိုးလ်ကြောင့် ချစ်သူရှိရာဆီမကြာခဏမသွားနိုင်ခဲ့ပါဘူး။ အနေဝေးလို့ သွေးအေးပြီးလမ်းခွဲခဲ့ရတဲ့သူတို့ရဲ့အချစ်တာလမ်းမှာ ဘယ်သူမတော့ ဇီလိန်မဖြစ်ခဲ့တာသေချာပါတယ်။

လိင်မှုကိစ္စမရှိရင် အချစ်မရှိတော့ဘူးလား

အိမ်ထောင်မပြုရသေးခင်အထိ အပျိုစင်ဘဝကို ထိန်းသိမ်းရမယ်ဆိုတဲ့ခံယူချက်ဟာ အခုချိန်အထိ ကျွန်တော်တို့မြန်မာနိုင်ငံက အမျိုးသမီးလေးတွေဆီမှာရှိနေသေးမယ်ဆိုရင် ဒါဟာ အံ့အားသင့်စရာမဟုတ်ပါဘူး။ တကယ်လို့ အိမ်ထောင်မပြုသေးခင်အထိ လုပျိဘဝကို ထိန်းသိမ်းမယ်ဆိုတဲ့ခံယူချက်မျိုး အမျိုးသားတွေဆီမှာ ရှိနေမယ်ဆိုရင်တော့ ဒါကအံ့အားသင့်စရာဖြစ်ရပါလိမ့်မယ်။ အမေရိကန်လိုနိုင်ငံမျိုးမှာဆိုရင် ၂ထပ်ကွမ်းတောင် အံ့အားသင့်စရာဖြစ်ရဦးမှာပါ။ တကယ်တမ်းမှာလည်း အိမ်ထောင်မပြုခင်အချိန်အထိ လိင်မှုကိစ္စရောင်ရှားမယ်ဆိုတဲ့ခံယူချက်မျိုး အမေရိကန်နိုင်ငံသားစစ်စစ်တစ်ယောက်ဆီမှာရှိနေပါတယ်။ သူကတော့ အမေရိကန် Footballကစားသမားဟောင်း တင်တီဘော်ပဲဖြစ်ပါတယ်။ အသက် ၂၈နှစ်အရွယ်ရှိ တင်တီဘော်ဟာ ဘာသာရေးခံယူချက်ပြင်းထန်မှုကြောင့် အိမ်ထောင်မပြုမီ လိင်မှုကိစ္စရောင်ကြဉ်မယ်လို့ ခံယူချက်ပြင်းထန်သူဖြစ်ပေမယ့် အခုတော့ ဒီခံယူချက်ကြောင့် သူဟာ သူ့ချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်ရပါပြီ။ တင်တီဘော်ဟာ ၂၀၁၂အမေရိကန်မယ်တစ်ဦးဖြစ်တဲ့ အိုလီဗီယာကူလ်ပိုနဲ့ချစ်ကြိုက်နေတာဖြစ်ပေမယ့် အခုအခါမှာတော့ သူ့ရဲ့ အဲဒီခံယူချက်ကြောင့် ကူလ်ပိုနဲ့လမ်းခွဲလိုက်ရပြီလို့ အမေရိကန်သတင်းစာတွေက ဖော်ပြခဲ့ကြပါတယ်။ လူတိုင်းက ကိုယ့်ခံယူချက်နဲ့ကိုယ် ရှေ့ဆက်နေကြတာဖြစ်လို့ တင်တီဘော်ရဲ့ခံယူချက်အပေါ် အပြစ်တင်လို့မရပေမယ့် အိုလီဗီယာကူလ်ပိုဟာလည်း မိန်းမသားပေမယ့် သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပေမို့ သူ့ကိုလည်းအပြစ်တင်လို့တော့မရပါဘူး။ ဒါပေမဲ့ ဒီဖြစ်ရပ်နောက်ကွယ်မှာ လိင်မှုကိစ္စမရှိရင် အချစ်မရှိတော့ဘူးလားဆိုတဲ့ မေးခွန်းတစ်ခုတော့ ကျန်ရစ်နေပါလိမ့်မယ်။

GRAND ROYAL
REJUVENATION
CSR COMICS

insight
Marketing Communications

CSR COMIC 01

CSR Co 10_5x15_5in Euro Sport

FOREBET၏ ဖြစ်နိုင်ခြေခန့်မှန်းချက်များ

အင်္ဂလန်ပရီမီးယားလိဂ်ပွဲစဉ်-၁၆

ပွဲစဉ်	အိမ်ရှင်နိုင်	သရေ	ည့်သည်နိုင်	ဂိုးနည်း	ဂိုးများ	ရလဒ်
နော်ဝစ်ခ်ျ - အဲဗာတန်	၁၉%	၄၁%	၄၀%	၄၅%	၅၅%	၂ - ၂
ဝက်စ်ဘမ်း - စတုတ်	၃၂%	၃၇%	၃၀%	၆၀%	၄၀%	၁ - ၁
ဆန်းဒါးလန်း - ဝက်စ်ဘိုဒ်	၃၂%	၃၀%	၃၈%	၃၇%	၆၃%	၂ - ၃
မန်စီတီး - ဆွမ်ဆီး	၆၃%	၂၁%	၁၆%	၄၄%	၅၆%	၃ - ၀
ပဲလဲ့ဒ် - ဘောက်ဒ်မတ်	၃၂%	၃၅%	၃၃%	၄၅%	၅၅%	၁ - ၁
ဘုန်းမောက် - မန်ယူ	၁၆%	၃၄%	၅၀%	၇၀%	၃၀%	၀ - ၁
ပီလာ - အာဆင်နယ်	၁၁%	၂၁%	၆၈%	၄၇%	၅၃%	၀ - ၃
စပါး - နယူးကာဆယ်	၅၈%	၂၅%	၁၇%	၄၀%	၆၀%	၃ - ၀
လီတယူး - ဝက်စ်ဘရွန်း	၄၅%	၃၁%	၂၄%	၅၄%	၄၆%	၂ - ၀
လက်စတာ - ချဲလ်ဆီး	၅၁%	၂၁%	၂၈%	၄၆%	၅၄%	၃ - ၂

အီတလီစီးရီးအေပွဲစဉ်-၁၆

ပွဲစဉ်	အိမ်ရှင်နိုင်	သရေ	ည့်သည်နိုင်	ဂိုးနည်း	ဂိုးများ	ရလဒ်
ဂျီနွာ - ဘိုလော်ဂ်ာ	၃၈%	၃၃%	၂၉%	၄၉%	၅၁%	၂ - ၀
ပါလာမို - ဓမ်ဆီနိုနို	၄၁%	၃၃%	၂၆%	၈၃%	၂၈%	၁ - ၀
ဆက်ဆုဆိုလို - တိုနိုနို	၃၈%	၃၆%	၂၆%	၆၅%	၃၅%	၁ - ၀
အူဒီနီစ် - အင်တာ	၂၃%	၂၅%	၅၂%	၅၈%	၄၃%	၀ - ၂
အမ်ပိလီ - ကာပီ	၅၂%	၃၂%	၁၆%	၅၈%	၄၃%	၂ - ၀
ချီယေပို - အတ္တလန္တာ	၃၃%	၃၅%	၃၂%	၅၆%	၄၄%	၁ - ၁
အေစီမီလန် - ဝီရိုနာ	၆၄%	၂၆%	၁၁%	၄၀%	၆၀%	၂ - ၁
နာပိုလီ - ဖီအား	၄၂%	၃၅%	၂၃%	၄၄%	၅၆%	၃ - ၂
ကျူဗီ - ဒီအိုရင်တီးနား	၄၀%	၃၄%	၂၈%	၅၈%	၄၃%	၂ - ၀
လာစီယို - ဆမ်ပိုးရီယား	၄၈%	၃၀%	၂၂%	၅၅%	၄၅%	၁ - ၀

ဗပီန်လာလီဂါပွဲစဉ်-၁၅

ပွဲစဉ်	အိမ်ရှင်နိုင်	သရေ	ည့်သည်နိုင်	ဂိုးနည်း	ဂိုးများ	ရလဒ်
ဂီတာဇေး - ဆိုဗီဒက်	၃၈%	၃၂%	၃၀%	၄၄%	၄၆%	၁ - ၀
ဘာစီလိုနာ - ဒီပို့တိုဂို	၄၃%	၂၉%	၁၈%	၃၇%	၆၃%	၃ - ၂
လီဗန်တေး - ဂရာနာဒါ	၃၃%	၃၉%	၂၈%	၄၀%	၄၀%	၁ - ၁
ဆဲလ်တာဗီရို - အင်္ဂလန်ည့်	၄၉%	၂၄%	၂၇%	၄၅%	၄၅%	၂ - ၂
ဆီဗီလာ - ဂီဂွန်	၄၂%	၂၃%	၂၆%	၄၉%	၅၁%	၃ - ၂
ပါးမက်ခ် - ဘက်တစ်	၂၁%	၃၇%	၄၂%	၆၅%	၃၅%	၀ - ၁
ဃယ်လက်ကဆ် - ဟလာဂါ	၄၂%	၃၃%	၂၅%	၄၆%	၄၄%	၂ - ၀
အီဘာ - ဗလင်စီယာ	၂၇%	၃၁%	၄၂%	၄၂%	၅၈%	၂ - ၂
အင်္ဂလလက် - ဘီလ်ဘာအို	၄၉%	၂၈%	၂၃%	၄၄%	၄၆%	၂ - ၀
ဝီလာရီးရဲလ် - ဗီးရဲလ်	၂၅%	၃၂%	၄၃%	၃၉%	၆၁%	၂ - ၂

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်-၁၆

ပွဲစဉ်	အိမ်ရှင်နိုင်	သရေ	ည့်သည်နိုင်	ဂိုးနည်း	ဂိုးများ	ရလဒ်
ဗီနို့ဒ် - စတုဂတ်	၅၀%	၂၃%	၂၇%	၃၃%	၆၇%	၃ - ၂
ဟိုဖင်ဟမ်ဗင် - ကိုလုံး	၃၂%	၂၉%	၃၉%	၃၉%	၆၁%	၀ - ၂
ဝုဖ်ဘတ် - ဟမ်းဘတ်	၄၅%	၂၈%	၂၇%	၃၂%	၆၈%	၂ - ၀
ဒရမ်ဇတက် - ဟာသာ	၂၅%	၃၀%	၄၄%	၄၉%	၅၁%	၀ - ၂
ဟော့ခန်ဟိမ် - ဟန်နိုဗာ	၃၇%	၃၄%	၂၉%	၃၃%	၆၇%	၂ - ၀
ဘိုင်ယန် - အင်ဂိုစတက်	၆၃%	၂၄%	၁၃%	၅၈%	၆၁%	၂ - ၀
ဝေးဟက္ကဆ် - ဂေးဘာဂါ	၃၃%	၃၂%	၃၅%	၂၈%	၇၂%	၂ - ၂
အော့စ်ဘတ် - ဝစ်ဖင်ဂေး	၂၃%	၃၀%	၄၇%	၅၁%	၄၉%	၀ - ၀
ဒေါ့မန် - ဗရန်ဒတ်	၆၃%	၂၃%	၁၄%	၃၉%	၆၁%	၂ - ၂

အာဆင်နယ်အတွက် ကံကောင်းသည့်နှစ်ဟု ဆိုနိုင်ကြောင်း နည်းပြဝင်းဂါး ပြောကြား

အခွင့်အရေးရယူနိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်း ပီတာချက် ဆို

လန်ဒန်။ ဒီဇင်ဘာ ၁၀

အာဆင်နယ်နည်းပြဝင်းဂါးက ချန်ပီယံလိဂ်ရှိးထွက်အဆင့်သို့ ဒေရာသီဆက်အပြစ် ထပ်မံတက်လှမ်းနိုင်ခဲ့ခြင်းမှာ ပီတိုက်အတွက် ကံကောင်းသည့်နှစ်တစ်ခုဟု ဆိုနိုင်ကြောင်း ဖွင့်ဟသွားခဲ့သည်။

အာဆင်နယ်မှာ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အိုလံပီယာကိုစ်နှင့် ကစားခဲ့သည့်ပွဲတွင် အနိုင်ရဆုံးခဲ့သည်။ ယင်းကဲ့သို့ ဝွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုတ်ယူမိုကြောင်းနှင့် ပြီးပြည့်စုံသောဇွမ်းဆောင်ရည်ကောင်းကို ပြသနိုင်ခဲ့သည်ဟုလည်း ၎င်းက ဆိုသွားခဲ့သည်။ ဝင်းဂါးက ''လက် ရှိ အနေအထား အတွက် တကယ့်ကိုဂုဏ်ယူပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်းဆိုမှုများစွာ ကြုံခဲ့ရတာပါ။ ဒါပေမဲ့ ကျွန်တော်တို့လွန်ခြောက်နိုင်ခဲ့ပါပြီ။ ချန်ပီယံလိဂ်မှာ အာဆင်နယ်အသင်းအတွက် ကံကောင်းတဲ့နှစ်တစ်ခုလို့ ဆိုနိုင်မှာပါ။ ကိုက်ခိုင်လင်၊ ကာဇီလာ၊ ဆန်းချက်ဓိတို့အပြင် ဒဏ်ရာပြဿနာများစွာကြုံတွေ့ခဲ့ပေါ့။ အခွင့်အရေးတွေ အရယူနိုင်သနိုင်ခဲ့ပါတယ်။ ပြီးပြည့်စုံတဲ့စိတ်ဓာတ်၊ နည်းဗျူဟာအပြင် စွမ်းဆောင်ရည်တွေကို ပြသနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်'' ဟု ဖွင့်ဟခဲ့သည်။

ငင်းအပြင် ဂိုးသမားပီတာချက်ကလည်း ဝိမိတို့အနေဖြင့် ရှုံးထွက်အဆင့်သို့ရောက်ရှိရန် အခွင့်အရေးကိုရယူနိုင်မည်ဟု အစဉ် ယုံကြည်မှုများရှိခဲ့သည်ဟုလည်း ပြောကြားသွားခဲ့သည်။ ငင်းက ''ကျွန်တော်တို့အသင်းအနေနဲ့ အကောင်းဆုံးခြေစမ်းပြပြီး တစ်ဦး ချင်းစွမ်းဆောင်ရည်ကောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်ဆိုရင် အခွင့်အရေးရှိလာနိုင်တယ်လို့ သိပြီးသားပါ။ အသင်းအတွက် ကြီးမားတဲ့နိုင်ငွေတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိခဲ့ကြောင်းတွေ ထုတ်ပြနိုင်မယ်လို့လည်း အစဉ်ယုံကြည်မှုတွေရှိခဲ့တာပဲဖြစ်ပါတယ်'' ဟု ပြောကြားခဲ့သည်။

စတာရစ်ခ်၏ဒဏ်ရာမှာ မူလထင်မှတ်ထားသကဲ့သို့ ပြင်းထန်မှုမရှိခဲ့

လီဗာပူး ဒီဇင်ဘာ ၁၀

လီဗာပူးအသင်းက ၎င်းဆို့ခ်ါတိုက် စစ်မှုးစတာရစ်ခ်၏အနေဖြင့် လက်ရှိအချိန်တွင် တံကောက်ကြော ဒဏ်ရာပြဿနာကြုံတွေ့နေရသော်လည်း မူလထင်မှတ်ထားသကဲ့သို့ ဆိုးရွားပြင်းထန်မှုမရှိကြောင်းနှင့် လာမည့်နှစ်သစ်ကူးပွဲကျပ်ကာလများအတွင်း အသင်းအတွက် ပြန်လည်ပါဝင်လာနိုင်မည်ဟု မျှော်လင့်မိကြောင်း ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ ပြီးခဲ့သည့်နှစ်ပေးကာဆယ်နှင့်ပွဲတွင် အဆိုပါဒဏ်ရာရရှိခဲ့ခြင်း ဖြစ်ပြီး ၎င်းဒဏ်ရာကြောင့် ကာလအတန်ကြာအနားယူသွားရရန် ရှိနေသည်ဟု သတင်းထွက်ခဲ့ခြင်း လည်းဖြစ်သည်။ သို့သော် အသင်းအနေဖြင့် ပွဲကျပ်ကာလအမီ ၎င်းပြန်လာနိုင်မည်ဟု ထင်မြင်မှုများ ရှိနေခဲ့သည်။

အသင်းဟောင်းတီကိုသို့ ပြန်သွားနိုင်သည်ဟု ဒီယေဂိုကော်စတာ ဆို

လန်ဒန်။ ဒီဇင်ဘာ ၁၀

ချဲလ်ဆီးတိုက်စစ်မှုးဒီယေဂိုကော်စတာက လာမည့်အနာဂတ်အတွင်း ဗိလစ်ဝိလူးစစ်ကွဲသို့ အသင်းဟောင်းအက်သလက်တိကိုထံသို့ ပြန်သွားနိုင်ခွဲတစ်ခုပါပဲ။ ဒါကလည်း ယုံကြည်မှုအပြည့်ရှိနေခြင်းကြောင့်ပါ။ အခွင့်အရေးတွေ အရယူနိုင်ပါ။ လိမ်ယ်လို့လည်း အစဉ်ယုံကြည်မှုတွေရှိခဲ့တာပဲဖြစ်ပါတယ်'' ဟု ပြောကြားခဲ့သည်။

News in Brief

- ဖီအိုရင်တီးနားနည်းပြအိုဆာက လက်ရှိအချိန်တွင် ပြီဒ်ဘက်နည်းပြများကြောင့် ဝိမိမှာ နည်းဗျူဟာပိုင်းပိုဂိုကွမ်းကျင်မှုများရှိလာခဲ့ပြီဖြစ်ကြောင်းနှင့် လာမည့်ရှစ်တာကာလအတွင်းတွင် ချန်ပီယံလိဂ်ဖလား ရယူသွားနိုင်ရန်ရည်မှန်းထားသည်ဟု ပြောကြားခဲ့သည်။
- ရှော်ကေးအသင်းသည် ၎င်းတို့၏ကွင်းလယ်ကစားသမား ပရင့်စ် ဘိုတန်၏စာချုပ်ကို ၂၀၁၉ ခုနှစ်အထိ ဆက်ရှိ နေတော့မည်ဖြစ်ပြီး ၎င်းအားဒေါ်ယူရန် မန်ယူအသင်းမှလည်း ကြိုးပမ်းမှုများရှိခဲ့ပုံးသည်။ အသင်းနှင့်သက်တမ်းတိုးနိုင်ခဲ့မှုအပေါ် ၎င်းက ''စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ခြင်းဟာ အလွန်ကောင်းမွန်တဲ့ကိစ္စရပ်ပါပဲ။ အသင်းအနေနဲ့ ယုံကြည်ချက်ပေးခဲ့ခြင်းအတွက် တကယ့်ကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ စာချုပ်သစ်အတွက် ဆုံးဖြတ်ရတာနဲ့လုပ်ဆောင်ခဲ့ရတာတွေဟာ လွန်ပြန့်လွယ်ကူမှုတွေရှိခဲ့တာပါပဲ။ ဘင်ဖိကာဟာ ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်သလို ဒီမှာ ကျော်ရွှင်နေပါတယ်''ဟု ပြောကြားခဲ့သည်။

ချန်ပီယံဆုအတွက် ချဲလ်ဆီး ပြန်လာနိုင်ဟု ရေနီရာရီ သုံးသပ်

လန်ဒန်။ ဒီဇင်ဘာ ၁၀

လက်စတာနည်းပြရေနီရာရီက လက်ရှိအချိန်တွင် ရလဒ်ဆိုးများနှင့် ရုန်းကန်နေရသော ချဲလ်ဆီးအနေဖြင့် ရာသီကုန်ဆုံးချိန်တွင် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရယူနိုင်ရေးအတွက် ပြန်လည်တိုက်ပွဲဝင်လာနိုင်လိမ့်မည်ဖြစ်ကြောင်း မွင့်ဟသွားခဲ့ပြီး ၎င်းတို့မှာ စစ်မှန်သည့်ချန်ပီယံများဟု လည်း ပြောကြားခဲ့သည်။ ၎င်းက ''ချဲလ်ဆီးဟာ ချဲလ်ဆီးဖြစ်သလို မော်ရင်ဟိုဟာလည်း မော်ရင်ဟိုပါပဲ။ သေချာတာကတော့ ရာသီကုန်ဆုံးချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးနေရာနဲ့ အနီးစပ်ဆုံးအနေအထားတစ်ရပ်ကို သူတို့ပြန်လည်ရယူလာနိုင်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ပေါ်တိုနဲ့ပွဲကိုလည်း ကြည့်ခဲ့ပါတယ်။ သူတို့ဟာ စစ်မှန်တဲ့ချန်ပီယံတွေပဲဖြစ်ပါတယ်''ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဂိုင်တန်အား ဘင်ဖိကာအသင်း စာချုပ်သစ်ထပ်မံချုပ်ဆို

လန်ဒွန်။ ဒီဇင်ဘာ ၁၀

ဘင်ဖိကာအသင်းသည် ၎င်းတို့၏တိုက်စစ်မှုးဂိုင်တန်အား ၄နှစ်သက်တမ်းရှိသော်စာချုပ်သစ်တစ်ရပ်ကို ထပ်မံချုပ်ဆိုမှုပြုလုပ်သွားခဲ့ပြီး အဆိုပါစာချုပ်သစ်တွင် စာချုပ်ပါလျော်ကြေးယူရှိ ၄၅သန်းကိုလည်း ထည့်သွင်းချုပ်ဆိုမှုရှိခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

ယခုစာချုပ်သစ်ကြောင့် အဆိုပါအာကျင်တီနားကစားသမားမှာ အသင်း၌ ၂၀၁၉ခုနှစ်အထိ ဆက်ရှိနေတော့မည်ဖြစ်ပြီး ၎င်းအားဒေါ်ယူရန် မန်ယူအသင်းမှလည်း ကြိုးပမ်းမှုများရှိခဲ့ပုံးသည်။ အသင်းနှင့်သက်တမ်းတိုးနိုင်ခဲ့မှုအပေါ် ၎င်းက ''စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ခြင်းဟာ အလွန်ကောင်းမွန်တဲ့ကိစ္စရပ်ပါပဲ။ အသင်းအနေနဲ့ ယုံကြည်ချက်ပေးခဲ့ခြင်းအတွက် တကယ့်ကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ စာချုပ်သစ်အတွက် ဆုံးဖြတ်ရတာနဲ့လုပ်ဆောင်ခဲ့ရတာတွေဟာ လွန်ပြန့်လွယ်ကူမှုတွေရှိခဲ့တာပါပဲ။ ဘင်ဖိကာဟာ ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်သလို ဒီမှာ ကျော်ရွှင်နေပါတယ်''ဟု ပြောကြားခဲ့သည်။

နေမာပြန်ကစား၌ငင်ရေးမှာ ကစားသမားအပေါ်တွင်သာ မူတည်မှုမျှော်ရှိနေ

ဘာစီလိုနာနည်းပြအင်းနရစ်က လက်ရှိအချိန်တွင် ပေါ်ပြိုးဇက်ရာ ပြဿနာကြုံတွေ့နေရသော နေမာအနေဖြင့် အသင်းအတွက် ပြန်လည်ပါဝင်ရန်ကိစ္စမှာ ကစားသမားဘဝအနေအထားအပေါ်တွင်သာ မူတည်နေသည်ဟုဆိုသွားခဲ့သည်။ ငင်းကစားသမားမှာ ပြီးခဲ့သည့် လေဗာကူဆင်နှင့်ပွဲမတိုင်မီ ပြုလုပ်ခဲ့သော လေ့ကျင့်ရေးအစီအစဉ်တွင် အဆိုပါဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး လာမည့်ဒီဇင်ဘာ ၁၇ရက် ယှဉ်ပြိုင်ရန်ရှိသော ဇီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်သွားရရန်ရှိနေသည်ဟု သတင်းများလည်းထွက်ပေါ်ခဲ့သည်။ သို့သော် အင်းနရစ်က ''ဒီကိစ္စဟာ အားလုံးအတွက်တော့ အရှည်စိတ်ပျက်စရာသတင်းတွေပါပဲ။ သူ ပြန်လာဖို့အနေအထားကို စောင့်ကြည့်နေပါတယ်။ ဒါပေမဲ့ ဒီကိစ္စတွေဟာ သူ့အပေါ်မှာပဲ မူတည်နေသလို ဆရာဝန်တွေဘာပြောမလဲ စောင့်ကြည့်ရမှာပါ''ဟု ဆိုခဲ့သည်။

အေစီမီလန်အား ဟွန်ဒါစွန့်ဘာရန် နီးစပ်မှုကြီးမားလာ

မီလန်။ ဒီဇင်ဘာ ၁၀

မီလန်ကစားသမားဟွန်ဒါအနေဖြင့် လက်ရှိအသင်းတွင် ပွဲထွက်ခွင့်ပျောက်ဆုံးမှုများကြောင့် လာမည့်အပြောင်းအရွှေ့၌ အသင်းကိုစွန့်ခွာရန် ဆုံးဖြတ်မှုများရှိထားခဲ့ပြီဟု သတင်းများက ဖော်ပြခဲ့သည်။

ငင်းမှာ မူလက အသင်းတွင် နေရာရရေးအတွက် ကြိုးစားရန်းကန်ရန်ရည်မှန်းခဲ့ပြီး နွေရာသီအထိ အချိန်ပေးစောင့်ကြည့်သွားရန် စဉ်းစားခဲ့သော်လည်း လက်ရှိနည်းပြမီဟိုင်းလို့မစ်အသုံးပြုနေသော ကစားကွက်မှာ ငင်းနှင့်အံမဝင်မှုများရှိနေခြင်းကြောင့် စောဒီးစွာ ထွက်ခွာရန်ရိုးခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်သို့ပြောင်းရန်ရှိမှာ ဖော်ပြမှုများလည်း ရှိခဲ့သည်။

စူပါဖလား၌ ရီးရဲလ်နှင့် ပြန်ဆုံရန် ကာဆီးလက်စ်လိုလား

လန်ဒွန်။ ဒီဇင်ဘာ ၁၀

ပေါ်တိုရိုးသမားကာဆီးလက်စ်က ၎င်းတို့အသင်းအနေဖြင့် ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီးနောက် ယူရိုပါလိဂ်တွင် ဝိုလ်ခွဲ၌ နိဂုံးချုပ်ခဲ့ရပြီး ယှဉ်ပြိုင်ခဲ့ရန် ရည်မှန်းနေကြောင်း။ အသင်းဟောင်းရီးရဲလ်အနေဖြင့်လည်း ချန်ပီယံလိဂ်တွင် ဝိုလ်ခွဲ၌ လာမည့်ရာသီ ဥရောပရူပါဖလားပွဲစဉ်အဖြစ် ပေါ်တိုနှင့်ရီး ရဲလ်တို့တွေ့ဆုံမှုရှိလာစေရန် မျှော်လင့်နေမိသည်ဟု ပြောကြားသွားခဲ့သည်။

ငင်းက ချန်ပီယံလိဂ်မှ ထွက်ခဲ့ရသော်လည်း ယူရိုပါလိဂ်မှာ မိမိတို့အတွက် အခြားစိန်ခေါ်မှုသစ်တစ်ခု ဖြစ်သည်ဟုလည်းဆိုခဲ့သည်။ ၎င်းက ''ရီးရဲလ်ကို အကောင်းဆုံးဖြစ်စေဖို့လည်း မျှော်လင့်ခဲ့ပါတယ်။ နောက်တစ်ဆင့်ကို သူတို့ရောက်ခဲ့ပါပြီ။ ကျွန်တော်တို့ ၂သင်းစလုံး သက်ဆိုင်ရာပြိုင်ပွဲတွေမှာ ဝိုလ်ခွဲပြီး လာမယ့်ရာသီအတွက် ဥရောပရူပါဖလားပွဲစဉ်မှာ ပြန်လည်ဆုံတွေ့ခွင့်ရဖို့ မျှော်လင့်မိပါတယ်။ ချန်ပီယံလိဂ်က ထွက်ခဲ့ရတာဟာ စိတ်ပျက်စရာဖြစ်ပေမယ့် ယူရိုပါလိဂ်ဟာ အသင်းအတွက် စိန်ခေါ်မှုသစ်တစ်ခုပါ''ဟု ဖွင့်ဟခဲ့သည်။

ချန်ပီယံလိဂ်ဖလားအား ချဲလ်ဆီးဆွတ်ခူးရယူနိုင်မည်ဟု နည်းပြမော်ရင်ဟို ပြောကြား

လန်ဒန်။ ဒီဇင်ဘာ ၁၀

ချဲလ်ဆီးနည်းပြမော်ရင်ဟိုက ၎င်းတို့အသင်းအနေဖြင့် ပြည်တွင်းပြိုင်ပွဲအတွင်း ရှန်းကန်နေရမှုများရှိနေသော်လည်း ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးရယူနိုင်လိမ့်မည်ဟု ထင်မြင်မိကြောင်း ဖွင့်ဟသွားခဲ့ပြီး လာမည့်ရှုံးထွက်အဆင့်တွင် ဆီဒင်ဒုတိယနေရာမှ အသင်းများအနေဖြင့် မိမိတို့နှင့်တွေ့ဆုံယှဉ်ပြိုင်ရစေရန် ဆန္ဒရှိနေကြလိမ့်မည်ဟု သုံးသပ်သွားခဲ့သည်။

ချဲလ်ဆီးအသင်းမှာ အုပ်စုပထမနေရာရရှိခဲ့ခြင်းကြောင့် ဦးစားပေးဆီဒင်သတ်မှတ်ခံခဲ့ပြီး ရှုံးထွက်အဆင့်တွင် ပီအက်စ်ဂ်ီ၊ ပီအက်စ်ဗွီ၊ ဘင်ဖိကာ၊ ဂျူဗင်တပ်၊ ရိုမား၊ ဂျန့်အသင်းများနှင့် တွေ့ဆုံသွားရရန်ရှိနေသည်။ မော်ရင်ဟိုက ''လက်ရှိအသင်းမှာ အခက်အခဲတွေရှိနေလို့ ဝိုလ်ခွဲဖို့ရေးနှံးစားမှုစာရင်းမှာ ပါဝင်နေမှာမဟုတ်ပါဘူး။ ချန်ပီယံလိဂ်ဟာ အကောင်းဆုံးအသင်းတွေ ယှဉ်ပြိုင်ကြပြိုင်ပွဲပါပဲ။ ၂၀၀၄ဝတ္ထုနှစ်က ရေပန်းစားခဲ့ပေမယ့် ပေါ်တိုနဲ့ဝိုလ်ခွဲခဲ့ဖူးသလို အင်တာနဲ့လည်း ဖလားရခဲ့ဖူးပါတယ်။ ဂီးရဲလ်နဲ့ရှိတုန်းက ရေပန်းစားခဲ့ပေမယ့် ဆီမီးမှာ ရှုံးခဲ့ဖူးတာပါ။ ဒါကြောင့် ချဲလ်ဆီးရဲ့အနေအထားကို ဘယ်သူမှမသိနိုင်ပါဘူး။ ချန်ပီယံလိဂ်ဖလားကို ရယူလာနိုင်ဖို့ ရှိနိုင်ပါတယ်။ အသင်းအားလုံးကလည်း ရှုံးထွက်အဆင့်မှာ ဖင်းနစ်ပြီးရင် ကျွန်တော်တို့နဲ့ တွေ့ဆုံရဖို့အလိုရှိနေကြမှာပါ''ဟု ပြောကြားသွားခဲ့သည်။

ဒိန်းမတ်နည်းပြ အဖြစ် ဟာရိုင်ဒီ ကို ၂နှစ်စာချုပ် ဖြင့် ခန့်အပ်

ကိုပင်ဟာဂင်၊ ဒီဇင်ဘာ ၁၀

ဒိန်းမတ်ဘောလုံးအဖွဲ့ချုပ်သည် ၎င်းတို့၏ လက်ရွေးစင်အသင်းအတွက် နည်းပြသစ်အဖြစ် ဟာရိုင်ဒီအား ၂နှစ်စာချုပ်ဖြင့် ခန့်အပ်မှုပြုလုပ်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အဆိုပါမယ်လင်ပိန်နည်းပြဟောင်းသည် ပြီးခဲ့သည့်နှစ်ပွဲတွင် ဒိန်းမတ်အသင်းကို နောက်ဆုံးကိုင်တွယ်ပြီးနောက် လက်ရွေးစင်နည်းပြရာထူးအတွက် မယ်လိမိုရာထူးမှ နှတ်ထွက်ခဲ့သူဖြစ်သည်။

ဒိန်းမတ်အနေဖြင့် လာမည့်၂၀၁၈ ကမ္ဘာ့ဖလားတွင် ခြေစစ်ပွဲအောင်ပြင်မှုရယူနိုင်ရေးအတွက် အိုလ်ဆန်းထွက် ခွာပြီးနောက် ၎င်းအား ခန့်အပ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စာချုပ်တွင် နောက်ထပ် ၂နှစ်အတွက်လည်း ပါဝင်နေသည်။

AFC Cupတွင် ရောဝတီတို့ လာအို တိုယိုတာနှင့်ထွေ့ဆုံမည်

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

ရောဝတီယူနိုက်တက်အသင်းသည် ၂၀၁၆ AFC Cup အုပ်စုမဲခွဲရာတွင် အုပ်စု(H)၌ ကျရောက်ပြီး ၂၀၁၅အုပ်စုတွင်း ပြိုင်ဘက် လာအိုတိုယိုတာအသင်းနှင့် ထပ်မံတွေ့ဆုံနေကြောင်း သိရှိရသည်။ ဇရောဝတီအသင်းမှာ လာအိုကလပ်လာအိုတိုယိတာ၊ အိန္ဒိယကလပ်ဘန်ဂါလူယူ၊ မလေးရားကလပ်ရှိဟော့ဒါရူ(သို့)ပါဟန်းတို့နှင့်တွေ့ဆုံမည်ဖြစ်သည်။ ဇရောဝတီမှာရာသီသစ်အတွက် ပြည်တွင်းကစားသမားဦးကို စာချုပ်တိုးမြှင့်ထားသည်။

ပွဲထွက်ခွင့်အတွက် ရခိုင်အသင်းသို့ ပြောင်းရွှေ့ဟု ဒွေးကိုကိုချစ် ပြောကြား

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

ရတနာပုံအသင်းမှ လူငယ်တိုက်စစ်မှူး ဒွေးကိုကိုချစ်သည် ပွဲထွက်ခွင့်ရရှိရန် အတွက် ရခိုင်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်သို့ တန်းတက်ခွင့်ပြန်လည်ရရှိခဲ့သည့် ရခိုင်ယူနိုက်တက်အသင်းမှာ ရာသီသစ်အတွက် ပြင်ဆင်မှုများပြုလုပ်နေပြီး ကစားသမားသစ်များကို ခေါ်ယူအားဖြည့်နေခြင်း ဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် တိုက်စစ်မှူးဒွေးကိုကိုချစ်ကို ၁နှစ်၌ သက်တမ်းရှိစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ၎င်း၏ခြေစွမ်းကိုစောင့်ကြည့်၍ စာချုပ်သက်တမ်းတိုးမှုများပြုလုပ်သွားမည်ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့မှုနှင့်ပတ်သက်၍ ဒွေးကိုကိုချစ်က ''ကျွန်တော့်အနေနဲ့ ပုံမှန်ပွဲထွက်ခွင့်ရရှိချင်တာကြောင့် ရခိုင်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့လာခဲ့တာပါ။ ဒီအသင်းကို ပြောင်းရွှေ့ဖို့ ခွင့်ပြုပေးခဲ့တဲ့ ရတနာပုံအသင်းက တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ လာမယ့်ရာသီသစ်မှာ ရခိုင်ယူနိုက်တက်အသင်းရဲ့ တိုက်စစ်မှာ အဓိက၊ ကစားသမားတစ်ဦးအနေနဲ့ ပါဝင်ခွင့်ရရှိဖို့နဲ့ ဂိုးတွေသွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ''ဟု ပြောဆိုခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် ၂၀၁၅ခုနှစ် ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်–၂သို့ တန်းဆင်းခဲ့ရသည့်အတွက် အိမ်ကွင်းပြင်ဆင်မှုပြုလုပ်ပြီး အိမ်ကွင်းပွဲစဉ်များလက်ခံကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။

တိုက်စစ်မှူးမက်ဆီ၌ ဒဏ်ရာပြဿနာမရှိ

ဘစ်လိုနာ၊ ဒီဇင်ဘာ ၁၁

ဘာစီလိုနာအသင်းက ပြီးခဲ့သောလေးဘက္ခရာဆင်နှင့်ပွဲတွင် တိုက်စစ်မှူးမက်ဆီ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသည်ဆို ဖော်ပြမှုများလည်း ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ညာဘက်ခြေထောက်၌ ဒဏ်ရာရခဲ့သည်ဟု ဖော်ပြမှုများရှိခဲ့သော်လည်း အသင်းက လာမည့်ဒီဇင်ဘာ၅ရက်နှင့်ပွဲတွင် ပါဝင်ရန် အသင့်ရှိနေလိမ့်မည်ဟု ဆိုသွားခဲ့သည်။

မိုနာကိုနှင့်ပွဲဖြစ်ရပ်ကို သတိရရန် ဝဲလ်ကော့ဖွင့်ဟ

ဝန်နှင်း၊ ဒီဇင်ဘာ ၁၁

အာဆင်နယ်တိုက်စစ်မှူးဝဲလ်ကော့က ပြီးခဲ့သည့်နှစ် ချန်ပီယံလိဂ်ရာသီ၌ ရှုံးထွက်အဆင့်တွင် မိုနာကို အား ယှဉ်ပြိုင်ခဲ့ရပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်ဟု ဖော်ပြမှုများရှိခဲ့သော်လည်း အသင်းက ဒဏ်ရာရခဲ့သည်ဟု ဖြစ်ရပ်နှင့်ပတ်သက်၍ သင်ခန်းစာယူကြရန်သတိပေးခဲ့ပြီး ပြိုင်ဘက်အား လေးစားမှုရှိရန် လိုအပ်သည်ဟု တိုက်တွန်းခဲ့သည်။

ထိုသို့ပြောဆိုလိုရင်းမှာ ဒဏ်ရာရခဲ့ရသည့်နှစ်က မိုနာကိုနဲ့ပွဲမှာ ကျွန်တော်တို့ဟာ ပြိုင်ဘက်ကိုလေးစားမှုမရှိတာ ကြီးမမ်းကစားခဲ့ လိုပါတယ်။ ဘယ်အသင်းကိုမဆိုကျွန်တော်တို့ အနိုင်ယူနိုင်ခဲ့လည်းရှိနေပါတယ်''ဟု ဆိုခဲ့သည်။

ဆွမ်ဆီးနှင့်သတင်းများကို ဂရန့်၏အေးဂျင့်ငြင်း

ဝန်နှင်း၊ ဒီဇင်ဘာ ၁၁

ခဲ့လ်ဆီးနည်းပြဟောင်းဂရန့်၏ အေးဂျင့်ဖြစ်သူက ဆွမ်ဆီးနည်းပြရာထူးအတွက် ဆက် သွယ်ခံရမှုများမရှိကြောင်း ထုတ်ပြန်ငြင်းဆိုခဲ့သည်။ ဆွမ်ဆီးအသင်းမှာ ရလဒ်ဆိုးများမှုများကြောင့် နည်းပြဂယ်ရီမွန့်အား ရာထူးမှထုတ်ပယ်ခဲ့ပြီး ၎င်း၏လက်ထောက်နည်းပြများမှာလည်း အသင်းမှ စွန့်ခွာခဲ့ကြပြီဖြစ်သည်။

ယင်းသို့သောအနေအထားတွင် နည်းပြရာထူးအတွက် ဂရန့်အား ဆွေးနွေးမှုများရှိနေသည်ဆိုခြင်းကို အေးဂျင့်ဖြစ်သူက ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ ထုတ်ပယ်ခံခဲ့ရသော ဂယ်ရီမွန့်ကလည်း အသင်းတွင် ဆက်နေသွားရန် အလိုရှိခဲ့ကြောင်း နှင့်တာဝန်ပေးခဲ့မှုအတွက်ကျေးဇူးတင်ကြောင်း ဆိုခဲ့သည်။

တိုက်စစ်မှူးများ၏ ဘဝကိုပြောင်းလဲစေသော ဂိုးပေါင်းများ

ရန်ကုန်၊ ဒီဇင်ဘာ ၁၁

ဂိုးသွင်းခြင်းသည် ဘောလုံးကစားသမားတိုင်း၏ အိပ်မက်ဖြစ်ပြီး ဂိုးသွင်းနိုင်စွမ်းရှိသော တိုက်စစ်မှူးများသည် ကစားသမားတိုင်း၏ အလိုဆန္ဒဖြစ်သည်။